








# ပြည်သူလူထု လိုလားချက်ကို သိသင့်ပြီ

## လွတ်လပ်စွာ စီတန်းလှည့်လည်ခွင့်နှင့် မြန်မာနိုင်ငံ လူငယ်များ၏ ငြိမ်းချမ်းရေး လှုပ်ရှားမှု

ရှေ့ပြေးအသံအဖွဲ့

Progressive Voice • ရှေ့ပြေးအသံ • Amplifying Voices from the Ground

ဇူလိုင် ၂၀၁၈

## ရှေ့ပြေးအသံအဖွဲ့ (Progressive Voice) အကြောင်း

ရှေ့ပြေးအသံအဖွဲ့သည် အရပ်ဘက် လူထုအသိုင်းအဝိုင်းအား အခြေပြုကာ လူထုပူးပေါင်းပါဝင်မှုနှင့် အခွင့်အရေးကို အခြေခံသော မူဝါဒဆိုင်ရာသုတေသနနှင့် စည်းရုံးလှုံ့ဆော်ရေးအဖွဲ့တစ်ခု ဖြစ်ပါသည်။ ရှေ့ပြေးအသံအဖွဲ့မှ အောက်ခြေလူထုတို့၏ အသံများအား မြှင့်တင်ပေးကာ လူ့အခွင့်အရေးအခြေခံသည့် မူဝါဒများ ပေါ်ထွန်းလာရေးအတွက် စည်းရုံးလှုံ့ဆော်ခြင်းဖြင့် ရပ်ရွာလူထုအသိုင်းအဝိုင်းနှင့် နိုင်ငံအဆင့်နှင့် နိုင်ငံတကာ မူဝါဒရေးဆွဲချမှတ်သူများအကြား ပေါင်းကူးသဖွယ် ဆောင်ရွက်ပါသည်။

မိမိတို့ ရှေ့ပြေးအသံအဖွဲ့ လုပ်ဆောင်ချက်နှင့် ကိုယ်ပိုင်လက္ခဏာတို့၏ ကျောထောက်နောက်ခံမှာ လူ့အခွင့်အရေး အခြေခံစံချိန်စံနှုန်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ဖြစ်ပါသည်။ မိမိတို့သည် အလုံးစုံခြုံငုံပြီး ခွဲထုတ်မရနိုင်သည့် အကြွင်းမဲ့ဖြစ်သော လူ့အခွင့်အရေး သဘောသဘာဝအား စွဲကိုင်ကာ မည်သူကိုမှ လူမျိုး၊ အသားအရောင်၊ တိုင်းရင်းသား၊ လူမျိုးစု၊ လိင် သို့မဟုတ် ကျား/မရေးရာ၊ လိင်စိတ်ခံယူမှု၊ အသက်အရွယ်၊ မသန်စွမ်းမှု၊ လူမှုရေးအဆင့်အတန်း၊ ကိုးကွယ်သည့်ဘာသာနှင့် နိုင်ငံရေး သို့မဟုတ် အခြားသော ယုံကြည်မှုများအပေါ် အခြေခံသည့် မည်သည့်ခွဲခြား ဆက်ဆံခြင်းမျိုးမှ မလုပ်ဆောင်ပါ။

ရှေ့ပြေးအသံအဖွဲ့၏ သုတေသနလုပ်ငန်းကို 'မည်သူမှ ထိခိုက်နစ်နာခြင်း မရှိစေရေး' မူအား လက်ကိုင်ပြုကာ ကျင့်ဝတ်သိက္ခာနှင့်အညီ ဆောင်ရွက်ပါသည်။ ဤသုတေသနအပေါ် အခြေခံ၍ မည်သည့် နိုင်ငံရေးပါတီ၊ နိုင်ငံရေးနှင့် ဘာသာရေးအဆောက်အအုံများဘက်မှ ဘက်လိုက်မှုမရှိဘဲ လွတ်လပ်အမှီအခိုကင်းပြီး မှုကိုအခြေခံသော သုတေသနပြုမှုနှင့် ခွဲခြမ်းစိတ်ဖြာသုံးသပ်မှုများကို ဖော်ထုတ်ပါသည်။

## ကျေးဇူးတင်လွှာ

ရှေ့ပြေးအသံအဖွဲ့အနေဖြင့် ဤသုတေသနစာတမ်းအတွက် ပူးပေါင်းပါဝင်၊ ကူညီ၊ လမ်းညွှန်ပေးခဲ့သော လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၊ တက်ကြွလှုပ်ရှားသူများ၊ ရှေ့နေများ၊ နိုင်ငံရေးလေ့လာသုံးသပ်သူများနှင့် အခြားပုဂ္ဂိုလ်များအားလုံးကို ၎င်းတို့၏ အချိန်နှင့် အားစိုက်ထုတ်မှုများအတွက်သော်လည်းကောင်း၊ မှုကြမ်းပြုစုနေသော ကာလအတွင်း ဝေဖန်သုံးသပ် အကြံပြုမှုများ ပေးအပ်ခြင်း အတွက်သော်လည်းကောင်း ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။ ထို့အပြင် ဤစာတမ်း ဖြစ်မြောက်ရေးအတွက် ရက်ရောစွာ ပံ့ပိုးကူညီပေးသောအလှူရှင်ဖြစ်သည့် Civil Rights Defenders ကိုလည်း အလားတူ ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြလိုပါသည်။

**ပြည်သူလူထုလိုလားချက်ကို သိသင့်ပြီ -**
**လွတ်လပ်စွာစီတန်းလှည့်လည်ခွင့်နှင့် မြန်မာနိုင်ငံ လူငယ်များ၏ ငြိမ်းချမ်းရေး လှုပ်ရှားမှု**
ရှေ့ပြေးအသံအဖွဲ့မှ ရေးသားထုတ်ဝေသည်။
၂၀၁၈ ခုနှစ် ဇူလိုင်လ

**Progressive Voice**
www.progressivevoicemyanmar.org
info@progressive-voice.org




ဓာတ်ပုံ - Kachin Youth Movement

# ပြည်သူလူထု လိုလားချက်ကို သိသင့်ပြီ

## လွတ်လပ်စွာ စီတန်းလှည့်လည်ခွင့်နှင့် မြန်မာနိုင်ငံ လူငယ်များ၏ ငြိမ်းချမ်းရေး လှုပ်ရှားမှု

ရှေ့ပြေးအသံအဖွဲ့

ဇူလိုင် ၂၀၁၈

## ဓာတ်ပုံမူပိုင်များ

အရှေ့အဖုံးပါဓာတ်ပုံများမှာ -

၁။ “ငြိမ်းချမ်းပါစေကချင်မြေ၊ ငြိမ်းချမ်းပါစေမြန်မာပြည်” စာသားပါရှိသည့် တီရှပ်အင်္ကျီကို ဝတ်ဆင်ထားသော လူငယ်ခေါင်းဆောင်တစ်ဦးအား တွေ့ရစဉ်၊ © Kachin Youth Movement

၂။ “စစ်ပွဲရပ်” စာသားပါရှိသည့် တီရှပ်အင်္ကျီကို ဆန္ဒပြပွဲ မတိုင်မီ ဂတ်ဆင်ထားသော လူငယ်ခေါင်းဆောင်တစ်ဦးအား တွေ့ရစဉ်၊ ၂၀၁၈ခုနှစ်မေလ၁၂ရက်နေ့၊ © Victoria Milko

၃။ တာမွေဆန္ဒပြပွဲကို ရပ်တန့်လိုက်သည့်အချိန်တွင် ရဲတပ်ဖွဲ့ဝင်များမှ ဖြိုခွဲရန် အသင့် အနေအထားဖြင့် ရှေ့တိုးလာနေပုံအား တွေ့ရစဉ်၊ ၂၀၁၈ခုနှစ် မေလ ၁၂ ရက်နေ့၊ © Victoria Milko

# မာတိကာ


**အနှစ်ချုပ်** ၁

**ဦးတည်ချက်များ၊ နယ်ပယ်အတိုင်းအတာနှင့် နည်းနာဗေဒ** ၃

**နောက်ခံအခြေအနေ၊ ။ယိုင်နဲ့ တုံ့ဆိုင်းနေသည့် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်**
**ဝိတ်ဆို့ခံနေရသော ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်ရသူ (IDP) များ** ၅

**ငြိမ်းချမ်းစွာစုဝေးခြင်းနှင့်ပတ်သက်သည့် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကန့်သတ်ချက်များ** ၉

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းစွာစုဝေးမှုအခြေအနေ ၁၀

**မြစ်ကြီးနား** ၁၅

အသိပေးအကြောင်းကြားခြင်း ၁၅

ပံ့ပိုးစီစဉ်ခြင်းနှင့် အကာအကွယ်ပေးခြင်း ၁၇

ဘက်လိုက်ခြင်းနှင့် တပြေးညီမဖြစ်သော အရေးယူလိုက်နာစေခြင်း ၁၉

**ရန်ကုန်** ၂၀

အသိပေးအကြောင်းကြားခြင်း ၂၀

ပံ့ပိုးစီစဉ်ခြင်းနှင့် အကာအကွယ်ပေးခြင်း ၂၃

အမျိုးသားရေးအစွန်းရောက် တန်ပြန်ဆန္ဒပြသူများ ၂၃

ဘက်လိုက်ခြင်းနှင့် တပြေးညီမဖြစ်သော အရေးယူလိုက်နာစေခြင်း ၂၆

**စီစဉ်စည်းရုံးသူအမျိုးသမီးများနှင့် ဆန္ဒပြသူများ** ၂၉

ပုဂ္ဂိုလ်ရေးဆိုင်ရာ ထိပါးနှောင့်ယှက်မှု ၃၀

လူမှုဘဝအခန်းကဏ္ဍအား ခြယ်လှယ်ခြင်း ၃၁

**နိဂုံး** ၃၅

**အကြံပြုတိုက်တွန်းချက်များ** ၃၇

# အနှစ်ချုပ်

လွတ်လပ်စွာ စုဝေးခြင်းသည် ဒီမိုကရေစီစနစ်၏ မရှိမဖြစ် အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး ပြည်သူလူထုများမှ ၎င်းတို့ကိုယ်တိုင် လွတ်လပ်စွာဖွင့်ဟ ပြောဆိုနိုင်ရန်နှင့် လူ့အခွင့်အရေးများကို စုပေါင်းကာကွယ်နိုင်ရန်အတွက် လည်းကောင်း၊ အရေးကြီးသော အကြောင်းအရာကိစ္စရပ်များကို အများပြည်သူအား အသိမြှင့်တင်ပေးနိုင်ရန်၊ အစိုးရများမှ အရေးတယူ လိုက်နာဆောင်ရွက်မှု ပြုလာစေရေး ဖိအားပေးရန်အတွက်လည်းကောင်း ခွင့်ပြုထားခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအကြောင်းကိစ္စများကို ဖွင့်ဟပြောဆိုကြသော ငြိမ်းချမ်းစွာ ဆန္ဒပြမှုများ အပါအဝင် ရှည်လျားသည့် ငြိမ်းချမ်းစွာစုဝေးခြင်း သမိုင်းရှိသကဲ့သို့[1] ထိုသို့သော ငြိမ်းချမ်းစွာ စုဝေးမှုများကို အစိုးရနှင့် စစ်တပ်မှ တစိုက်မတ်မတ် ဖြိုခွဲသော ကြာမြင့်သည့် သမိုင်းလည်း ရှိပြီး ဆယ်စုနှစ်ပေါင်းများစွာ စစ်အာဏာရှင်အုပ်စိုးမှုကို လူငယ်များဦးဆောင်ကာ ဆန့်ကျင်ခဲ့သည့် နိုင်ငံအနှံ့ဖြစ်ပွားခဲ့သော ၁၉၈၈ ဒီမိုကရေစီရေး ဆန္ဒပြပွဲများကို ဖြိုခွဲခဲ့မှုက အကျော်ကြားဆုံးအဖြစ် ပါဝင်ပါသည်။ မများမကြာမီက ကချင်ပြည်နယ်ရှိ ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်ရသူ (IDP) များ၏ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ အရေးပေါ်လိုအပ်နေမှုနှင့် ဆက်လက်ဖြစ်ပွားနေသော ပြည်တွင်းစစ်အပေါ် တုံ့ပြန်သည့် ငြိမ်းချမ်းသောဆန္ဒပြပွဲများကို လူငယ်များက မြစ်ကြီးနားနှင့် ရန်ကုန်မြို့များတွင် ပြုလုပ်ခဲ့ကြပါသည်။ အဆိုပါဆန္ဒပြပွဲများနှင့် ထိုဆန္ဒပြပွဲများအပေါ် တရားဝင်တုံ့ပြန်မှုများက ရဲတပ်ဖွဲ့နှင့် စစ်တပ်အပါအဝင် မြန်မာအစိုးရ၏ စိတ်ဓါတ်ခံယူမှုသည် ငြိမ်းချမ်းစွာ စုဝေးမှုများကို ကန့်သတ်မည်၊ ထိန်းချုပ်မည်ဆိုသည့်အဆင့်မှ ပြောင်းလဲမှု မရှိသေးကြောင်းကို ဖော်ပြနေပါသည်။ ထိုအစား ငြိမ်းချမ်းစွာ ဆန္ဒပြမှုတွင် ပါဝင်ခဲ့သော ၎င်းတို့၏ အခန်းကဏ္ဍကြောင့် တက်ကြွလှုပ်ရှားသူလူငယ် အနည်းဆုံး ၄၇ ဦးသည် ရဲနှင့် ဒေသခံ အာဏာပိုင်များကို တရားလက်လွတ် ထိန်းချုပ်မှုများ လုပ်ဆောင်နိုင်ရန် ခွင့်ပြုထားသော ဝေဝါးပြီး ဖိနှိပ်သည့် ဥပဒေ ပုဒ်မများ ပါရှိနေဆဲဖြစ်သည့် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေ (ငြိမ်းစုစီဥပဒေ) အရ တရားစွဲဆိုခံခဲ့ရပါသည်။[2]

ဤသုတေသနစာတမ်းတွင် လတ်တလောဖြစ်ပွားခဲ့သည့် ငြိမ်းချမ်းစွာဆန္ဒပြမှုများအကြောင်းနှင့် ၎င်း ဆန္ဒပြပွဲများအပေါ် အာဏာပိုင်များ၏ တုံ့ပြန်ပုံဟူ၍ ရှုထောင့် ၂ ခု ပါဝင်မည် ဖြစ်ပါသည်။ ပထမအနေဖြင့် ငြိမ်းချမ်းစွာ စုဝေးမှုများကို ဖိနှိပ်တားဆီးပြီး စီစဉ်စည်းရုံးသူများကို ရာဇဝတ်မှုဥပဒေများဖြင့် တရားစွဲဆိုကာ ဘက်လိုက်သော အဓမ္မနည်းလမ်းဖြင့် တရားဥပဒေအား လိုက်နာစေခြင်းကို ခွင့်ပြုထားသည့် ငြိမ်းစုစီဥပဒေ၏ ချို့ယွင်းချက်များကို ဆန်းစစ်သုံးသပ်မည် ဖြစ်သည်။ ထိုချို့ယွင်းချက်များအား အဓိကအပိုင်း ၃ ပိုင်းအနေဖြင့် တွေ့မြင်ရမည် ဖြစ်သည်။ ပထမဦးဆုံး အချက်အနေဖြင့် စုဝေးရန်အတွက် တရားဝင်ခွင့်ပြုချက်လိုသည်ဟူသော ပြဋ္ဌာန်းချက်အစား ကြိုတင်အသိပေး အကြောင်းကြားရန်သာလိုသည် ဟူသော ၂၀၁၆ ခုနှစ် ငြိမ်းစုစီဥပဒေပြင်ဆင်ချက်သည်

---

1 ဤစာတမ်းတွင် "စုဝေးခြင်း" ဟူသောအသုံးအနှုန်းအား ငြိမ်းချမ်းစွာစုဝေးရန် လွတ်လပ်သောအခွင့်အရေးရှိမှုဖြင့် ကာကွယ်ပေးထားသော လူထုစုဝေးမှု ပုံစံမျိုးစုံကို ရည်ညွှန်းခြင်းဖြစ်ပြီး "ဆန္ဒပြမှု" ဆိုသည်မှာ အစိုးရ သို့မဟုတ် စစ်တပ်၏ လုပ်ဆောင်မှုများ သို့မဟုတ် မူဝါဒများအပေါ် သဘောမတူညီမှုကို ထုတ်ဖော်ပြသခြင်း၊ မတူညီသည့် လုပ်ဆောင်မှု သို့မဟုတ် မူဝါဒများကို တောင်းဆိုမှုများ တစ်ပါတည်း သို့မဟုတ် သီးခြားအဖြစ် ပါဝင်သူများက စုဝေးမှုတစ်ခုအောက်တွင် ပြုလုပ်ခြင်းကို ဆိုလိုသည်။

2 Athan, "Update List (June 4, 2018), https://www.facebook.com/athan.foe.myanmar/posts/258711224687950.

အပေါင်းလက္ခဏာ ဆောင်သယောင် ရှိသော်လည်း ကြိုတင်အသိပေးရာတွင် မည်သည့်သတင်းအချက်အလက်များ ထည့်သွင်းတင်ပြရမည်ဆိုသည့် လိုအပ်ချက်သည် တင်းကျပ်လွန်းလှသည့်အပြင် ၄၈ နာရီ ကြိုတင်အသိပေး အကြောင်းကြားရန် လိုအပ်ချက်သည်လည်း ငြိမ်းချမ်းစွာ စုဝေးမှုများ ကောက်ကာငင်ကာ မဖြစ်ပွားစေရန် ကန့်သတ်ထားသကဲ့သို့ ဖြစ်နေပါသည်။ ထို့အပြင် ယင်းကဲ့သို့စုဝေးမှုများသည် ဒေသန္တရအခြေအနေနှင့် အကျုံးဝင် သက်ဆိုင်မှု ရှိ မရှိအား ဒေသန္တရအာဏာပိုင်များမှ ဆုံးဖြတ်နိုင်ခွင့် ရှိသည်ဟူသော ဥပဒေပြဋ္ဌာန်းချက်တစ်ခုက ဒေသန္တရ အာဏာပိုင်များအား ငြိမ်းချမ်းစွာစုဝေးရန် အကြောင်းကြားမှုများကို ခွင့်ပြုချက်ပေးရန် ထိရောက်စွာ ငြင်းဆန်နိုင်သည့်၊ ကန့်သတ်တားမြစ်ချက်များ ထပ်မံထည့်သွင်းနိုင်စေသည့် နောက်ထပ် မလွယ်ပေါက် လမ်းကြောင်းတစ်ခုကို ဖွင့်ထားပေးသကဲ့သို့ ဖြစ်နေပါသည်။ ငြိမ်းစုစီဥပဒေနှင့် ၎င်းဥပဒေအား အရေးယူ လိုက်နာစေခြင်း၏ ဒုတိယပြဿနာမှာ အာဏာပိုင်တစ်ရပ်အနေဖြင့် ငြိမ်းချမ်းစွာစုဝေးမှုများအား တက်ကြွစွာ ပံ့ပိုးစီစဉ် ပေးခြင်းနှင့် ကာကွယ်ပေးရမည့်အစား အနီးကပ် စောင့်ကြည့်ပြီး တင်းတင်းကျပ်ကျပ် ကိုင်တွယ်ထိန်းချုပ်ရမည်ဟု ဆက်လက်ယူဆနေပြီး ထိုသို့ထိန်းချုပ်သော နည်းနာများက လွတ်လပ်စွာစုဝေးခွင့် နယ်ပယ်အတိုင်းအတာကို သိသာထင်ရှားစွာ ကန့်သတ်နေပြီး ငြိမ်းချမ်းစွာစုဝေးမှုများတွင် ပါဝင်သူများကိုပါ တန်ပြန်ဆန္ဒပြသူများ၏ အကြမ်းဖက် တုံ့ပြန်ခံရခြင်းများ စသည့်တ န်ပြန်လက်စားချေမှုများဒဏ်ကို ခံရနိုင်သောအန္တရာယ် ဖြစ်စေပါသည်။ နောက်ဆုံးအချက် အနေဖြင့် ဤဥပဒေနှင့် ဤဥပဒေအား အရေးယူလိုက်နာစေခြင်း လက္ခဏာသွင်ပြင်က ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသန္တရ အာဏာပိုင်များအား စီစဉ်တင်ပြထားသော စုဝေးမှု၏အကြောင်းအရာပေါ် မူတည်၍ လွတ်လပ်စွာစုဝေးခွင့်ကို ပိတ်ပင်ကန့်သတ်နိုင်ရန်၊ လူပုဂ္ဂိုလ်များကို ဖမ်းဆီးမှုများ လုပ်ဆောင်ရာတွင်လည်း တရားလက်လွတ် လုပ်ဟန်ဖြင့် ပစ်မှတ်ထားဆောင်ရွက်နိုင်ရန် ခွင့်ပြုထားသကဲ့သို့ ဖြစ်နေပါသည်။

ဤစာတမ်းတွင် သုံးသပ်ထားသော ဒုတိယအကြောင်းအရာမှာ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူ အမျိုးသမီးများနှင့် တက်ကြွလှုပ်ရှားသူများ အပေါ် ထပ်ဆင့်ခွဲခြားဆက်ဆံမှုများနှင့် ထိပါးနှောင့်ယှက်မှုများပင် ဖြစ်ပါသည်။ မြစ်ကြီးနားနှင့် ရန်ကုန်၌ လက်တလောဖြစ်ပွားခဲ့သော ဆန္ဒပြမှုများတွင် အမျိုးသမီး အများအပြား ပါဝင်ခဲ့ပါသည်။ ထိုလူငယ်အမျိုးသမီးများ အနေဖြင့် ခွဲခြားဆက်ဆံမှုနှင့် ထိပါးနှောင့်ယှက်မှုများကို ၎င်းတို့၏ လှုပ်ရှားဆောင်ရွက်မှု လမ်းကြောင်းတစ်လျှောက် အဆင့်တိုင်းတွင် ကြုံတွေ့ခဲ့ရကာ ငြိမ်းချမ်းစွာစုဝေးမှု အတွက် လိုအပ်သော ကြိုတင်အသိပေး အကြောင်းကြားမှု ပြုလုပ်ချိန်နှင့် အဖမ်းခံရပြီး တရားစွဲဆိုခံရချိန်များတွင် ရဲတပ်ဖွဲ့ဝင်များမှ လည်းကောင်း၊ အမျိုးသားရေး အစွန်းရောက်သမားများမှ ကိုယ်ထိလက်ရောက်အရ သော်လည်းကောင်း၊ ဆိုရှယ်မီဒီယာများမှ တစ်ဆင့်သော်လည်းကောင်း၊ အရပ်ဘက်လူထု အသိုင်းအဝိုင်း အတွင်းရှိ ၎င်းတို့၏ လုပ်ဖော်ကိုင်ဖက်များမှ သော်လည်းကောင်း ကြုံတွေ့ ခံစားကြရပါသည်။ အမျိုးသမီးများကို ခေါင်းဆောင်များအဖြစ် လေးလေးနက်နက် အသိအမှတ်ပြုမှု မရှိရုံသာမက ဆန္ဒပြမှုကို ရပ်တန့်ရပ်သိမ်းရန် ဖိအားပေးခြိမ်းခြောက်ခြင်း၊ အမျိုးသမီးဖြစ်နေခြင်းကိုသာ ရည်ညွှန်းသည့် ပုဂ္ဂိုလ်ရေး ထိပါးနှောင့်ယှက်ခြင်းများကို လူပုဂ္ဂိုလ်အားဖြင့် တိုက်ရိုက် သော်လည်းကောင်း၊ ဆိုရှယ်မီဒီယာပေါ်တွင်သော်လည်းကောင်း ပြုလုပ်ခဲ့ကြပါသည်။ မည်သို့ပင်ဖြစ်စေ ထိုအမျိုးသမီးများ အနေဖြင့် လတ်တလောနစ်များတွင် လူသိအများဆုံး ဆန္ဒပြမှုများထဲမှ တစ်ခုအဖြစ် ကြံ့ကြံ့ခံရပ်တည် စည်းရုံးခဲ့ကြပါသည်။

# ဦးတည်ချက်များ၊ နယ်ပယ်အတိုင်းအတာနှင့် နည်းနာဗေဒ

ဤသုတေသနစာတမ်း၏ ဦးတည်ချက်မှာ ၂၀၁၈ ခုနှစ် ဧပြီလနှင့် မေလတွင် မြစ်ကြီးနားနှင့် ရန်ကုန်မြို့များ၌ ဖြစ်ပွားခဲ့သော ငြိမ်းချမ်းစွာဆန္ဒပြပွဲ ၂ ခုအား ဥပမာယူ၍ မြန်မာနိုင်ငံရှိ လွတ်လပ်စွာစုဝေးခွင့်အပေါ် ကန့်သတ်မှုများကို ပုံဖော်တင်ပြရန်ဖြစ်ပြီး ဆန္ဒပြပွဲအတွက် စီစဉ်စည်းရုံးသူ အမျိုးသမီးများ ကြုံတွေ့ရသည့် ခြိမ်းခြောက်မှုနှင့် ထိပါးနှောင့်ယှက်ခံရမှုများအပေါ် အထူး အလေးပေးဖော်ပြထားပါသည်။

အချိန်ကာလနှင့် ရှည်လျားမှုအပေါ်မူတည်ကာ ဤစာတမ်းအနေဖြင့် ပိတ်ဆို့ခံနေရသော IDP များအား ကယ်ဆယ်ရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာအကူအညီများ ပံ့ပိုးပေးရေးတွင် အရပ်ဘက်လူထုအဖွဲ့အစည်းများ အထူးသဖြင့် လူငယ်များပါဝင်ဆောင်ရွက်မှုကို ခွင့်ပြုရန် တောင်းဆိုသော ၂၀၁၈ ခုနှစ် ဧပြီလ ၃၀ ရက်နေ့မှ မေလ ၇ ရက်နေ့အထိ မြစ်ကြီးနားမြို့တွင် ပြုလုပ်ခဲ့သော ဆန္ဒပြပွဲများနှင့် ၂၀၁၈ ခုနှစ် မေလ ၁၂ ရက်နေ့တွင် ရန်ကုန်မြို့၌ ပြုလုပ်ခဲ့သော စစ်ပွဲဆန့်ကျင်ရေးဆန္ဒပြပွဲများကိုသာ အဓိကဖောင်းပေးထားပါသည်။ ထို့အတွက် ဤစာတမ်းတွင် ဆွေးနွေးတင်ပြထားသော တရားစွဲဆိုမှုများအတိုင်း အလားတူတရားစွဲခံရသူများ ပါဝင်ခဲ့သည့် ပဲခူးနှင့် မန္တလေးမြို့များမှ ဆန္ဒပြပွဲများကိုမူ ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။

ဤသုတေသနအတွက် ၂၀၁၈ ခုနှစ် မေလနှင့် ဇွန်လတွင် ရန်ကုန်နှင့် မြစ်ကြီးနားမြို့များ၌ တစ်စိတ်တစ်ပိုင်း ပုံစံချထားသည့် မေးခွန်းများဖြင့် အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ၈ ဦး စုစုပေါင်း ၁၈ ဦးအား တွေ့ဆုံမေးမြန်းမှု ၁၆ ခုဖြင့် ပြုလုပ်ခဲ့ပါသည်။ ထိုသူများမှာ ဆန္ဒပြပွဲအတွက် စီစဉ်စည်းရုံးမှုများ လုပ်ဆောင်ခဲ့သော သို့မဟုတ် စီစဉ်စည်းရုံးခဲ့သည့်အပြင် ဆန္ဒပြပွဲတွင် ကိုယ်တိုင်ပါဝင်ခဲ့သူ ၁၅ ဦး ပါဝင်ပြီး ထိုသူအများစုမှာ ဆန္ဒပြသည့်အတွက် ရာဇဝတ်ကြောင်းအရ တရားစွဲခံနေရသူများလည်း ဖြစ်သည်။ ထို့အပြင် မေးမြန်းခဲ့သူများထဲတွင် ရှေ့နေ ၂ ဦး နှင့် နိုင်ငံရေးသုံးသပ်သူ ၁ ဦးတို့လည်း ပါဝင်ပါသည်။ ဤစာတမ်းအတွက် ရန်ကုန်နှင့် မြစ်ကြီးနားမြို့များ၌ သုတေသနပြုရာတွင် ဆန္ဒပြပွဲကို ဦးဆောင်သော အမျိုးသမီးခေါင်းဆောင်အများစုနှင့် တွေ့ဆုံမေးမြန်းနိုင်ခဲ့သော်လည်း ဆန္ဒပြပွဲတွင် ပါဝင်ခဲ့သော အမျိုးသမီးအချို့မှာ ခရီးလွန်နေသဖြင့် တွေ့ဆုံမေးမြန်းရန် အဆင်မပြေခဲ့ပါ။ တွေ့ဆုံမေးမြန်းမှုခေါင်းစဉ်များတွင် ဆန္ဒပြပွဲ၌ တစ်ဦးချင်း၏ အခန်းကဏ္ဍနှင့် ပါဝင်ရသည့်စေ့ဆော်ချက်၊ ရဲတပ်ဖွဲ့ဝင်များ သို့မဟုတ် တန်ပြန်ဆန္ဒပြသူများနှင့် အပြန်အလှန် ထိတွေ့မှု ဖြစ်ရပ်များ၊ လတ်တလော တရားရင်ဆိုင်ရသည့်ဖြစ်စဉ်တွင် ၎င်းတို့၏ အတွေ့အကြုံ၊ မြန်မာနိုင်ငံရှိ လွတ်လပ်စွာ စုဝေးခွင့်နှင့် ၎င်းအား မည်သို့မည်ပုံ ကောင်းမွန်တိုးတက်အောင် ဆောင်ရွက်နိုင်မည့် နည်းလမ်းအပေါ် ၎င်းတို့၏ ဆန်းစစ်သုံးသပ်ချက် စသည့်တို့အပါအဝင် ဆန္ဒပြပွဲအတွက် စည်းရုံးလှုံ့ဆော်ခြင်း၊ ပါဝင်ဆောင်ရွက်ခြင်းတို့နှင့် ပတ်သက်သည့် ၎င်းတို့၏ အတွေ့အကြုံများ အစရှိသည်တို့ ထည့်သွင်းထားပါသည်။

# နောက်ခံအခြေအနေ။ ။ ယိုင်နဲ့ တုံ့ဆိုင်းနေသည့် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပိတ်ဆို့ခံနေရသော ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်ရသူ (IDP) များ

> **"အလုပ်ရုံဆွေးနွေးပွဲတွေ၊ ညီလာခံတွေ၊ စကားဝိုင်းတွေ၊ သတင်းစာရှင်းလင်းပွဲတွေ အစရှိသဖြင့် အများကြီးလုပ်ခဲ့ကြတယ်။ အဲဒါတွေကြောင့် ဘာပြောင်းလဲခဲ့လဲ၊ ဘာမှ မပြောင်းလဲဘူး။ အဲဒါကြောင့် ဒီဆန္ဒပြပွဲကို လုပ်ကြရတာပါ။" - ရန်ကုန်မှ ဆန္ဒပြသူတစ်ဦး**

တိုင်းရင်းသားလူထုများအပေါ် မြန်မာစစ်တပ်မှ ကျူးလွန်သည့် ရက်စက်ကြမ်းကြုတ်မှုများ၊ တိုးတက်မှုကင်းမဲ့နေသည့် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပဋိပက္ခအရှိန်အဟုန်ကြီးထွားလာနေမှုများကြောင့် ပြီးခဲ့သည့်နှစ်အတွင်း၌ တိုင်းရင်းသားလူထုများနှင့် အချို့သောအခွင့်အရေးအခြေပြု အရပ်ဘက်လူထုအဖွဲ့အစည်းများမှ တက်ကြွလှုပ်ရှားသူများကြား မကျေမနပ်ဒေါသများ ကြီးထွားလာခဲ့ပါသည်။ မြန်မာစစ်တပ်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) အကြား ပဋိပက္ခများတစ်ကျော့ပြန်ပြန်လည်ဖြစ်ပွားခဲ့သည့် ၂၀၁၁ ခုနှစ်မှစတင်ကာ တိုက်ပွဲများလည်းပိုမိုပြင်းထန်လာနေပါသည်။ မြန်မာစစ်တပ်အနေဖြင့် အရပ်သားဒေသများသို့ ပစ်မှတ်ထားကာ တိုက်လေယာဉ်များနှင့် တိုက်ခိုက်ရေးရဟတ်ယာဉ်များကို အသုံးပြုတိုက်ခိုက်ခဲ့ပြီး KIA ထိန်းချုပ်ဒေသတွင်းရှိ IDP များထံ လူသားချင်းစာနာမှုဆိုင်ရာအကူအညီများ မရောက်ရှိစေရန် အစဉ်တစိုက် ပိတ်ပင်တားဆီးနေပြီး ဥပဒေမဲ့သတ်ဖြတ်ခြင်းများ၊ လက်လွတ်စပယ်ပစ်ခတ်ခြင်းများ၊ ညှဉ်းပန်းနှိပ်စက်ခြင်းများ၊ မုဒိမ်းကျင့်ခြင်းနှင့် အခြားလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ အစရှိသည့် ချိုးဖောက်မှုများကိုလည်း ပုံမှန်လိုလို ကျူးလွန်နေပါသည်။[3] အလားတူတိုက်ပွဲများနှင့် ချိုးဖောက်မှုများသည်လည်း ရှမ်းပြည်မြောက်ပိုင်းတွင် ဆက်လက်ဖြစ်ပွားနေသဖြင့် ရှမ်းနှင့် တအာင်း တိုင်းရင်းသားများအပါအဝင် ထောင်နှင့်ချီသော တိုင်းရင်းသားလူထုများ ထွက်ပြေးတိမ်းရှောင် နေရပါသည်။ ကရင်ပြည်နယ်တွင်လည်း ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သော ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ထိန်းချုပ်နယ်မြေတွင် မြန်မာစစ်တပ်မှ လမ်းတိုးချဲ့ခြင်းနှင့် တပ်များထပ်မံနေရာချထားခြင်းတို့ကြောင့် တိုက်ပွဲများဖြစ်ပွားကာ ကရင်အရပ်သားများ ထောင်နှင့်ချီ၍ တိမ်းရှောင်ရမှု ဖြစ်စေခဲ့ပါသည်။[4] KNU သည် တစ်နိုင်ငံလုံးဆိုင်ရာပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) အား လက်မှတ်ရေးထိုးထားသော အဖွဲ့များထဲတွင် အင်အားအကြီးဆုံးနှင့် သြဇာအရှိဆုံး အဖွဲ့လည်း ဖြစ်ပါသည်။ KNLA ဒေသတွင် မြန်မာစစ်တပ်အနေဖြင့် နယ်မြေကျူးကျော်ခြင်း၊ လမ်းဖောက်လုပ်ခြင်းနှင့် တပ်အင်အားတိုးချဲ့ခြင်းတို့သည် NCA သတ်မှတ်ချက်များကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခြင်းဖြစ်ပြီး NCA ၏ အသုံးဝင်မှုအပေါ် အချို့သူများအတွက် မေးခွန်းထုတ်စရာဖြစ်လာခဲ့ပါသည်။

ကချင်၊ ရှမ်းမြောက်ပိုင်း နှင့် ကရင်ပြည်နယ်များမှ ပဋိပက္ခများကိုကြည့်ပါက မြန်မာစစ်တပ်သည် ငြိမ်းချမ်းရေးကို စေ့စပ်ညှိနှိုင်းအဖြေရှာရမည့်အစား အင်အားအသုံးပြု၍ တိုင်းရင်းသားနယ်မြေများကို သိမ်းပိုက်ရန် ကြိုးစားနေသည့် အနေအထားဖြစ်နေသည်ကို တွေ့ရပါသည်။ ဤသို့သောအခြေအနေတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)

3 Lawi Weng, "Ongoing offensives in Tanai leave IDPs trapped between warring sides," The Irrawaddy, (18 April, 2018) https://www.irrawaddy.com/news/burma/ongoing-offensives-tanai-leave-idps-trapped-warring-sides.html

4 Karen Peace Support Network, "The Nightmare Returns" (26 April 2018), https://karenwomen.files.wordpress.com/2018/04/kpsn-media-release-the-nightmare-returns.pdf

ဦးဆောင်သောအစိုးရ၏နိုင်ငံရေးအရ တွေ့ဆုံအဖြေရှာရေးလုပ်ငန်းစဉ်ဖြစ်သော ၂၁ ရာစုပင်လုံညီလာခံ နောက်တစ်ကြိမ်ကျင်းပရန်မှာလည်း တစ်နှစ်နီးပါးကြာပြီဖြစ်သော်ငြား ယခုစာတမ်းကို ရေးသားနေသည့်အချိန်ထိ ကျင်းပနိုင်ခြင်းမရှိသေးပါ။ ပဋိပက္ခနှင့် ချိုးဖောက်မှုများ တိုးပွားလာသည့်အပြင် ပင်လုံညီလာခံ နောက်တစ်ကြိမ်ကျင်းပရန် အဓိကအတားအဆီးတစ်ခုမှာ သော့ချက်ကျသော အကြောင်းအရာများဖြစ်သည့် ဖက်ဒရယ်မူဝါဒနှင့် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုအပေါ် ညှိနှိုင်းအပေးအယူလုပ်ရန် စစ်တပ်မှ ငြင်းဆန်နေခြင်းကြောင့် ဖြစ်သည်။ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာအကျပ်အတည်းအပေါ် တစ်ကမ္ဘာလုံးမှအဓိကအာရုံထားနေချိန်တွင်မြန်မာပြည်၏အခြားသောတိုင်းရင်းသားဒေသများမှ IDP များအတွက်၊ အထူးသဖြင့် နိုင်ငံတကာမြင်ကွင်းမှ တစ်စုံတရာ ဖုံးကွယ်ထားခြင်းခံနေရသော ကချင်ပြည်နယ်ရှိ IDP များ၏ လူသားချင်းစာနာမှုဆိုင်ရာ အခြေအနေတစ်ရပ် အရေးတကြီး ဖြစ်ပေါ်နေခြင်းကို မြန်မာ အရပ်ဘက်လူထုအဖွဲ့အစည်းများကြား သိရှိနားလည်လာကြပါသည်။ KIA ထိန်းချုပ်ဒေသရှိ IDP စခန်းများသို့ ပေးပို့သော လူသားချင်းစာနာမှုဆိုင်ရာအကူအညီများကို မြန်မာစစ်တပ်မှ တားဆီးပိတ်ပင်လျက်ရှိသည့်အပြင် ပိုမိုပြင်းထန်လာသော ပဋိပက္ခများကြောင့် ထွက်ပြေးလာသည့်အရပ်သားအရေအတွက် များပြားလာလင့်ကစား အစိုးရထိန်းချုပ်နယ်မြေအတွင်းရှိ IDP စခန်းများကိုလက်ခံဖွင့်လှစ်ကူညီပေးနေသော ခရစ်ယာန်ဘုရားကျောင်းများနှင့်အခြားသူများအားစခန်းများပိတ်သိမ်းရန်ကိုပါ ဖိအားပေးနေလျက်ရှိပါသည်။[5] ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီနှင့် မတ်လများတွင် တိမ်းရှောင်ထွက်ပြေးလာသော အရပ်သားများသည် မြို့ကြီးများတွင် ခိုလှုံရန် ၎င်းတို့အသုံးပြုသည့်လမ်းကြောင်းကို မြန်မာစစ်တပ်မှ ပိတ်ဆို့ထားသောကြောင့် တောအုပ်များထဲတွင် ပိတ်မိနေကြောင်း ကချင်ပြည်နယ်တွင် လှုပ်ရှားလုပ်ဆောင်နေသော ဒေသခံလူသားချင်းစာနာမှုဆိုင်ရာအဖွဲ့အစည်းများက စတင်သတင်းပေး ပို့ခဲ့ပါသည်။ တိမ်းရှောင်ထွက်ပြေးလာသော အရပ်သားများမှ မြန်မာစစ်တပ်၏ တပ်ဖွဲ့များသည် ၎င်းတို့၏ ကျေးရွာများကို သိမ်းပိုက်ကာ လူ့အခွင့်ရေးချိုးဖောက်မှုများဖြစ်သည့် ညှဉ်းပန်းနှိပ်စက်ခြင်း၊ ဥပဒေမဲ့သတ်ဖြတ်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ကျူးလွန်သည့်အပြင် ၎င်းတို့အား လူသားတံတိုင်းများ၊ ပေါ်တာများအဖြစ်ပါ အသုံးပြုခဲ့သည်ဟု အစီရင်ခံခဲ့ကြပါသည်။ ပိတ်ဆို့ခံနေရသော IDP များကို ကယ်ထုတ်ရန် လူသားချင်းစာနာမှုဆိုင်ရာအဖွဲ့အစည်းများနှင့် ဘာသာရေးခေါင်းဆောင်များမှ အစိုးရနှင့် စစ်တပ်ကို ညှိနှိုင်းသော်လည်း အဖြေမထွက်ခဲ့ပါ။ တနိုင်းနှင့် ဖားကန့်မြို့နယ်များရှိ ကျေးရွာများမှ IDP ထောင်ပေါင်းများစွာ ဧပြီလတွင် ထပ်မံပိတ်မိသဖြင့် ပိတ်မိနေသော IDP အရေအတွက် များစွာပိုတိုးလာသောအခါ သမားရိုးကျ တိုက်တွန်းနှိုးဆော်မှုနှင့် စေ့စပ်ညှိနှိုင်းမှုနည်းနာများ မအောင်မြင်တော့သည့်နောက်ပိုင်း ပိတ်ဆို့ခံ IDP များအတွက် အရေးပေါ် လူသားချင်း စာနာမှုဆိုင်ရာအကူအညီ လိုအပ်မှုအပေါ် အာရုံစိုက်စေရေး တောင်းဆိုရန် လူထုဆန္ဒပြပွဲများကို စီစဉ်ခဲ့ကြပါသည်။

ကချင်ပြည်နယ်၏ မြို့တော်ဖြစ်သော မြစ်ကြီးနားမြို့တွင် အစပြုခဲ့သည့် လူငယ်များဦးဆောင်သော ဆန္ဒပြမှုများသည် ရန်ကုန်၊ ပဲခူးနှင့် မန္တလေးမြို့များအပါအဝင် မြန်မာနိုင်ငံတစ်ဝှမ်းတွင် သွေးစည်းညီညွတ်မှုကို ပြသသော လှုပ်ရှားမှု များအား ဖြစ်ပေါ်စေခဲ့ပါသည်။ ထိုဆန္ဒပြမှုများသည် ၂၀၁၅ ခုနှစ် ကျောင်းသားများ ဆန္ဒပြမှုနောက်ပိုင်း ငြိမ်းချမ်းစွာ စုဝေးမှုအပေါ် ရဲတပ်ဖွဲ့ဝင်များ၏ အပြင်းထန်ဆုံးဖြိုခွဲမှုနှင့် ရင်ဆိုင်ခဲ့ရပြီး[6] ထိုဖြိုခွဲမှုသည် NLD ဦးဆောင်သော အစိုးရလက်အောက်တွင် လွတ်လပ်စွာစုဝေးခွင့်အတွက် နယ်မြေကျဉ်းကျုံ့လာမှု၏ အမြင်သာဆုံးသော အခြေအနေတစ်ရပ် ဖြစ်လာပါသည်။ ထိုဖြိုခွဲမှု၏ သက်ရောက်မှုဒဏ် အခံရဆုံးသူများမှာ ဆန္ဒပြပွဲကို ဦးဆောင်သော လူငယ်အမျိုးသမီးများဖြစ်ပြီး ဥပဒေကြောင်းအရ တရားစွဲဆိုခြင်းခံရသည့်အပြင် ရဲနှင့် အမျိုးသားရေးအစွန်းရောက်သမားများ၏ လိင်ကွဲပြားမှုအပေါ် အခြေခံသည့် ထိပါးနှောင့်ယှက်မှုများကို ဆိုရှယ်မီဒီယာများတွင် ရင်ဆိုင်ကြရပါသည်။ ဤစာတမ်းရေးသားနေချိန်တွင် အနည်းဆုံး ၄၇ ဦးသည် ငြိမ်းချမ်းစွာဆန္ဒပြမှုများတွင် ၎င်းတို့၏ ပါဝင်မှုအတွက်

---

5 Libby Hogan, "'Slow Genocide': Myanmar's invisible war on the Kachin Christian minority," The Guardian (14 May, 2018) https://www.theguardian.com/world/2018/may/14/slow-genocide-myanmars-invisible-war-on-the-kachin-christian-minority

6 မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများအဖွဲ့ (Burma Partnership), "လက်ရှိနောက်ဆုံးအခြေအနေ - အမျိုးသားပညာရေးဥပဒေ - ကျောင်းသားဆန္ဒပြမှုများ (16 March 2015), http://www.burmapartnership.org/updates-national-education-law-student-protest/.

ရာဇဝတ်ကြောင်းအရပုဒ်မများဖြင့် တရားစွဲဆိုခြင်း ခံနေကြရပါသည်။[7] ထိုသူများထဲမှ ၄ ဦးမှာ မြစ်ကြီးနားမြို့ ဆန္ဒပြမှုများတွင် ပါဝင်ခဲ့သည့်အတွက်လည်းကောင်း၊ ၁၇ ဦးမှာ ၂၀၁၈ ခုနှစ် မေလ ၁၂ ရက်နေ့တွင် ရန်ကုန်မြို့၌ ဖြစ်ပွားခဲ့သော ဆန္ဒပြပွဲနှင့် ဆက်စပ်၍လည်းကောင်း တရားစွဲဆိုခြင်းများ ရင်ဆိုင်ခဲ့ကြရသည်။ တစ်ချိန်တည်းမှာပင် ငြိမ်းချမ်းစွာဆန္ဒပြသူများကို ကိုယ်ထိလက်ရောက် တိုက်ခိုက်မှုများပြုလုပ်ခဲ့သူ အများအပြားပါဝင်သည့် အမျိုးသားရေး အစွန်းရောက် တန်ပြန် ဆန္ဒပြသူများသည်[8] လူပုဂ္ဂိုလ်အပေါ် တိုက်ရိုက်သော်လည်းကောင်း၊ ဆိုရှယ်မီဒီယာများတွင် သော်လည်းကောင်း၊ တက်ကြွ လှုပ်ရှားသူလူငယ်များကို ခြိမ်းခြောက်ခြင်းနှင့် ထိပါးနှောင့်ယှက်ခြင်းများ ဆက်လက် ပြုလုပ်နေဆဲဖြစ်သည်။

7 Athan, "Update List (June 4, 2018), https://www.facebook.com/athan.foe.myanmar/posts/258711224687950.

8 တန်ပြန်ဆန္ဒပြပွဲများကို အမျိုး၊ ဘာသာ၊ သာသနာစောင့်ရှောက်ရေးအသင်း (မဘသ ဟု အတိုကောက်သိကြသည်) ကဲ့သို့သော အစွန်းရောက် ဗုဒ္ဓဘာသာဝင် အမျိုးသားရေးအဖွဲ့အစည်းများ၏ အဖွဲ့ဝင်များနှင့် ထောက်ခံသူများမှ စစ်တပ်ကို ထောက်ခံသောအားဖြင့် စည်းရုံးဖော်ဆောင်ကြခြင်း ဖြစ်သည်။

# ငြိမ်းချမ်းစွာစုဝေးခြင်းနှင့်ပတ်သက်သည့် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကန့်သတ်ချက်များ

> **"ကန့်ကွက်ဆန္ဒပြပွဲတွေ ဒါမှမဟုတ် ဆန္ဒဖော်ထုတ်ပွဲတွေ လုပ်တဲ့ အရပ်သားတွေကို အစိုးရက ကျေးဇူးတင်ဖို့ကောင်းတယ်။ ဘာလို့လဲဆိုတော့ ဒါက မြန်မာပြည်မှာ ဒီမိုကရေစီကျင့်သုံးနေမှုကို ဖော်ပြနေလို့လေ။" - မြစ်ကြီးနားဆန္ဒပြပွဲ စီစဉ်စည်းရုံးသူတစ်ဦး**

လွတ်လပ်စွာစုဝေးခွင့်သည် ၎င်းအခွင့်အရေး၏ ကိုယ်ပိုင်အကျိုးအတွက် သက်သက်သာမကဘဲ အခြားသော အခြေခံလူ့အခွင့်အရေးများကို ကာကွယ်ပေးရာတွင်လည်း ပံ့ပိုးပေးနိုင်သောကြောင့် အရေးကြီးလှပါသည်။ ငြိမ်းချမ်းစွာ စုဝေးမှုသည် နိုင်ငံရေးအရ ပါဝင်ဆောင်ရွက်ခြင်းအတွက် မရှိမဖြစ်သောပုံစံတစ်ရပ်ဖြစ်ပြီး အထူးသဖြင့် ၎င်းတို့၏ အခွင့်အရေးကို လုံလောက်စွာ ကာကွယ်ပေးခြင်းမခံရသည့် အမျိုးသမီးများ၊ တိုင်းရင်းသား သို့မဟုတ် ဘာသာရေး လူနည်းစုများအတွက် အထူးအရေးကြီးသော အသုံးပြုစရာ နည်းလမ်းတစ်ရပ်ဖြစ်သည်။

> **"စုဝေးပြီး အတူတကွပူးပေါင်းဆောင်ရွက်နိုင်စွမ်းသည် ဒီမိုကရေစီ၊ စီးပွားရေး၊ လူမှုရေးနှင့် ပုဂ္ဂလိကဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ၊ အကြံဉာဏ်များ ထုတ်ဖော်ပြသနိုင်ရန်အတွက် ထိစပ်ပါဝင်မှုရှိသော နိုင်ငံသားဘဝကို မြေတောင်မြှောက်ပေးနိုင်ရန် အဓိကကျလှပေသည်။ စုဝေးမှုများသည် ဒီမိုကရေစီစနစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အပေါင်းလက္ခဏာ ဆောင်သော ပံ့ပိုးမှုများဖြစ်စေနိုင်ပြီး ရွေးကောက်ပွဲများနှင့်အတူ လူထု၏ ပါဝင်မှုတွင်လည်း အခြေခံကျသော အခန်းကဏ္ဍမှ ရှိနေကာ၊ အစိုးရကို တာဝန်ခံမှုရှိစေ၍ ပြည်သူများ၏ လိုအင်ဆန္ဒကိုလည်း ဒီမိုကရေစီနည်းကျ ဖြစ်စဉ်များ၏ အစိတ်အပိုင်း တစ်ရပ်အဖြစ် ထုတ်ဖော်ပြသစေသည်။"[9]**

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးသဘောတူစာချုပ်များတွင်သာမက အပြစ်အနာအဆာများနှင့် ပြည့်နှက်နေသော စစ်တပ်ရေးဆွဲသည့် ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပင် ငြိမ်းချမ်းစွာစုဝေးခွင့်ကို အတည်ပြုထားပါသည်။[10] ငြိမ်းချမ်းစွာစုဝေးခွင့်သည် နိုင်ငံတကာ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (ICCPR)[11] တွင် အကာအကွယ်ပေးထားသော အခြေခံအခွင့်အရေးများထဲမှ တစ်ရပ်ဖြစ်ပြီး "ဒီမိုကရက်တစ် အသိုင်းအဝိုင်းတစ်ခုတွင် နိုင်ငံတော်လုံခြုံရေး သို့မဟုတ် ပြည်သူလူထု၏လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ ပြည်သူလူထု၏ ကျန်းမာရေးနှင့် အကျင့်သီလများကာကွယ်ရေး သို့မဟုတ် အခြားသူများ၏

9 Human Rights Council, "Joint report of the Special Rapporteur on the rights to freedom of peaceful assembly and of association and the Special Rapporteur on extrajudicial, summary or arbitrary executions on the proper management of assemblies," UN Doc. No. A/HRC/31/66 (4 February, 2016).

10 2008 Constitution. Available at http://www.burmalibrary.org/docs5/Myanmar_Constitution-2008-en.pdf

11 ယခုစာတမ်းရေးနေချိန်တွင် မြန်မာနိုင်ငံအနေဖြင့် ICCPR ကိုလက်မှတ်ရေးထိုးထားခြင်းမရှိသေးပါ။

အခွင့်အရေးနှင့် လွတ်လပ်မှုတို့ကို ကာကွယ်ရေးအတွက် ဥပဒေနှင့်အညီ ပြဋ္ဌာန်းထားသည့် ကိစ္စများမှလွဲ၍ ဤအခွင့်အရေး [ငြိမ်းချမ်းစွာစုဝေးခွင့်] အပေါ် မည်သည့်ကန့်သတ်မှု မျိုးမှ မလုပ်ရ” ဟု ဖော်ပြထားပါသည်။[12]

ငြိမ်းချမ်းစွာစုဝေးစဉ်အတွင်း ရဲများ၏အခန်းကဏ္ဍနှင့်ပတ်သက်၍ နိုင်ငံတကာ၏ စံနှုန်းများတွင် ဥပမာအားဖြင့် ယာဉ်ကြောများကို ရှင်းလင်းလမ်းလွှဲပေးခြင်း၊ အခြားလိုအပ်သောစီစဉ်မှုများ ပြုလုပ်ပေးခြင်းမျိုးကဲ့သို့ ဆန္ဒပြသူများကို ပံ့ပိုးပေးရန်နှင့် ကာကွယ်ပေးရန်အတွက်သာဖြစ်ပြီး စုဝေးမှုကို ကန့်သတ်မှု သို့မဟုတ် ထိန်းချုပ်မှု မပြုရန် ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။[13] အဆုံးသတ်တွင် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် အသင်းပင်းဖွဲ့စည်းခွင့်ဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်က ”နိုင်ငံတော်အနေဖြင့် ငြိမ်းချမ်းစွာစုဝေးမှုများကို တက်တက်ကြွကြွ ကာကွယ်ပေးရန် တာဝန်ရှိသည်။ ထိုတာဝန်ရှိမှုများထဲတွင် စုဝေးမှုများကို ပျက်ပြားစေရန် သို့မဟုတ် လူစုခွဲရန် ရည်ရွယ်သော သွေးထိုးလှုံ့ဆော်သူများနှင့် တန်ပြန်ဆန္ဒပြသူများအပါအဝင် တသီးပုဂ္ဂလများ သို့မဟုတ် တသီးပုဂ္ဂလများပါဝင်သောအုပ်စုများရန်မှ ငြိမ်းချမ်းစွာ ဆန္ဒပြမှုတွင်ပါဝင်သူများအား ကာကွယ်ပေးရန်ပါဝင်သည်။” ဟူသော အလေးထားပြောဆိုမှုအပါအဝင် အကောင်းဆုံးဖြစ်မည့် ကျင့်သုံးမှုများနှင့် အကြံပြုချက်များကို ဖော်ပြခဲ့ပါသည်။[14]

## မြန်မာနိုင်ငံ၏ ငြိမ်းချမ်းစွာစုဝေးမှုအခြေအနေ

၂၀၁၆ ခုနှစ်တွင် NLD ဦးဆောင်သောအစိုးရမှ အတည်ပြုခဲ့သော ငြိမ်းစုစီဥပဒေပြင်ဆင်ချက်တွင် အပေါင်းလက္ခဏာဆောင်သော ပြောင်းလဲချက်များ ပါဝင်ခဲ့သော်လည်း စုဝေးမှုများကို ပံ့ပိုးစီစဉ်ပေးရမည် ဆိုသည်ထက် ထိန်းချုပ်ရမည်ဟူသော အယူအဆမှာ ဥပဒေထဲတွင် ကျန်ရှိနေပါသေးသည်။ ၂၀၁၆ ခုနှစ် ငြိမ်းစုစီဥပဒေ ပြင်ဆင်ချက် အနေဖြင့် ကန့်ကွက်ဆန္ဒပြရန်အတွက်လည်းကောင်း၊ အခြားသော ငြိမ်းချမ်းစွာစုဝေးမှုများအတွက်လည်းကောင်း ခွင့်ပြုချက်ရယူစရာမလိုတော့ဘဲ ကြိုတင်အသိပေးအကြောင်းကြားရန်သာ လိုအပ်တော့သည်။ နိုင်ငံတကာစံချိန်စံနှုန်းများတွင် ကြိုတင်အသိပေးခြင်းသည် အာဏာပိုင်များအနေဖြင့် စုဝေးမှုကို ပံ့ပိုးစီစဉ်ပေးရန်၊ ဥပမာ ယာဉ်ကြောရှင်းလင်းပေးရန်နှင့် အခြားလိုအပ်သောပြင်ဆင်မှုများအတွက်သာ သတင်းအချက်အလက် လိုအပ်ခြင်းဖြစ်သည်ဟု ရှင်းရှင်းလင်းလင်းရှိပြီး မြန်မာနိုင်ငံ၏ ငြိမ်းစုစီတွင်မူ ကြွေးကြော်သံများနှင့် ဆိုင်းဘုတ်များတွင်ပါဝင်မည့် အသုံးအနှုန်းစာသားများ အပါအဝင် အချက်အလက်များစွာ တင်ပြရန်လိုအပ်သဖြင့် ကြိုတင်အသိပေးရန် လိုအပ်ချက်များသည် ပံ့ပိုးစီစဉ်ပေးရန်အတွက် လိုအပ်သောသတင်းအချက်အလက်များထက် များစွာကျော်လွန်နေပါသည်။ ထိုလိုအပ်ချက်အောက်တွင် ကောက်ကာငင်ကာ အလိုအလျောက်ဖြစ်ပွားသော စုဝေးမှုများမှာ ဥပဒေမဲ့ စုဝေးမှုအမျိုးအစား စာရင်းဝင်သွားပါသည်။[15] ထိုဥပဒေအရပင် အသေးငယ်ဆုံးစုဝေးမှုများအတွက်ပါ ကြိုတင်အသိပေးမှုလိုအပ်ပြီး နိုင်ငံတကာစံနှုန်းများကမူ ထိုအသေးစားစုဝေးမှုများသည် အာဏာပိုင်များအတွက် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်စရာမလိုသောကြောင့် နိုင်ငံတော်အနေဖြင့် ခွင့်ပြုပေးရန် အားပေးတိုက်တွန်းထားပါသည်။ အခြားပြဋ္ဌာန်းချက်များအရ ရဲတပ်ဖွဲ့အား ရှင်းရှင်းလင်းလင်းဖော်ပြထားခြင်း မရှိသည့် ခြိမ်းခြောက်မှုများအား တုံ့ပြန်ကိုင်တွယ်ရန် အကြောင်းပြချက်ဖြင့် အင်အားသုံးခြင်း အပါအဝင် စုဝေးဆန္ဒပြမှုများကို ဖြိုခွဲရန် အာဏာပေးအပ်ထားပါသည်။ အမျိုးသားလွှတ်တော်မှ အတည်ပြုထားပြီး ဤစာတမ်းရေးသားနေချိန်ပြည်သူ့လွှတ်တော်မှမဲခွဲဆုံးဖြတ်မှုအားစောင့်စားနေသည့် ၂၀၁၈ ခုနှစ်တွင်အဆိုပြုထားသော

12 International Covenant on Civil and Political Rights (ICCPR), Art.21 (16 December, 1966) http://www.ohchr.org/EN/ProfessionalInterest/Pages/CCPR.aspx

13 Special Rapporteur on the Rights to Freedom of Peaceful Assembly and of Association, “Report of the Special Rapporteur on the rights to freedom of peaceful assembly and of association,” Human Rights Council UN Doc. No. A/HRC/20/27 para. 28 (21 May, 2012).

14 Special Rapporteur on the Rights to Freedom of Peaceful Assembly and of Association, “Report of the Special Rapporteur on the rights to freedom of peaceful assembly and of association,” Human Rights Council UN Doc. No. A/HRC/20/27 para. 33 (21 May, 2012).

15 For more on the shortcomings of the PAPPL, see Free Expression Myanmar, “Peaceful Assembly and Peaceful Procession Law” (20 October, 2017), http://freeexpressionmyanmar.org/peaceful-assembly-and-peaceful-procession-law/.

ပြင်ဆင်ချက်များသည် အတည်ဖြစ်ပါက ငြိမ်းချမ်းစွာစုဝေးမှုများကို စီစဉ်စည်းရုံးသူများအတွက် ပိုမိုကန့်သတ်သော လိုအပ်ချက်များကို ပြဋ္ဌာန်းလာမည်ဖြစ်ပြီး ဤသို့စုဝေးမှုများအား ရံပုံငွေထောက်ပံ့သူများနှင့် ပတ်သက်သော အချက်အလက်များကိုပါ တင်သွင်းခိုင်းလာပါလိမ့်မည်။[16] ထိုသို့သော ပြင်ဆင်ချက်များအား အဆိုပြုလာခြင်းကို အရပ်ဘက်လူထုအသိုင်းအဝိုင်းမှ ၂၀၁၈ ခုနှစ်အစောပိုင်းတွင် ဖြစ်ပွားခဲ့သော လူထုဆန္ဒပြမှုများအပါအဝင် ဆန့်ကျင်ကန့်ကွက်မှုများ လုပ်ဆောင်ခဲ့ကြပါသည်။ ခွင့်ပြုချက်တောင်းခံခြင်းမှ ကြိုတင်အသိပေးမှုအဆင့်သို့ ပြောင်းလဲလာခြင်းမှလွဲ၍ ထိုသို့သော လိုအပ်ချက်များအားလုံးသည် ငြိမ်းချမ်းစွာစုဝေးမှုများကို ပံ့ပိုးစီစဉ်ပေးခြင်းထက် တင်းကျပ်စွာထိန်းချုပ်မည့် အစီအစဉ်တစ်ရပ်ကို ဖန်တီးနေပါသည်။

ကြွေးကြော်သံများတွင် ပါဝင်သောအကြောင်းအရာများကို ကြိုတင်ပေးအပ်ရန် လိုအပ်မှုသည် စုဝေးမှု၏ အကြောင်းအရာအပေါ် အခြေခံ၍ ဘက်လိုက်သော ဥပဒေလိုက်နာစေမှုများအပေါ် စိုးရိမ်မှုများ ဖြစ်ပေါ်လာစေပါသည်။ ယခုစာတမ်းတွင် ဖော်ပြထားသောဆန္ဒပြမှု ၂ ခုကလည်း ဤသို့ဖြစ်နေကြောင်း ဖော်ပြနေပါသည်။ နိုင်ငံတကာ စံချိန်စံညွှန်းများက ခွင့်ပြုချက်လိုအပ်ခြင်းထက် ကြိုတင်အသိပေးခြင်းမှုကို တွန်းအားပေးနေသော်လည်း "မည်သည့် အသိပေးမှုလုပ်ထုံးလုပ်နည်းကမှ ခွင့်ပြုအာဏာပေးခြင်းအတွက် လက်တွေ့တောင်းဆိုမှု ထုံးစံတစ်ရပ် ဖြစ်မသွားရန် သို့မဟုတ် အကြောင်းအရာအပေါ် မူတည်သော လုပ်ထုံးလုပ်နည်းအခြေခံတစ်ရပ် ဖြစ်မသွားစေရန် ဆောင်ရွက်သင့်သည်။"[17] ဥပဒေပုဒ်မ ၂၀ အရ ကြိုတင်အတည်ပြုချက်ရမထားသော ကြွေးကြော်သံကို ဆန္ဒပြသူတစ်ဦးဦးမှ အသုံးပြုခဲ့ပါက ထိုစုဝေးမှုများသည် ရာဇဝတ်မှုမြောက်သည်။ ထို့အပြင် ခွင့်ပြုချက်တောင်းရန် တိုက်ရိုက်လိုအပ်ချက်ကို ဖယ်ရှားလိုက်သော်လည်း NLD ဦးဆောင်သော အစိုးရအနေဖြင့် ရည်ရွယ်ချက်ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ရဲများနှင့် ဒေသန္တရအာဏာပိုင်များအတွက် ခွင့်ပြုချက်တောင်းခံရန်လိုအပ်သည် သို့မဟုတ် စုဝေးမှုများကို တားမြစ်နိုင်သည်ဟု လိုသလိုအသုံးပြုနိုင်သော "မလွယ်ပေါက်" တစ်ခု ပြင်ဆင်သောဥပဒေတွင် ချန်ရစ်ခဲ့ပါသည်။ ဥပဒေပုဒ်မ ၁၀ တွင် စုဝေးမှုအတွင်း လိုက်နာရမည့် စည်းကမ်းများပါဝင်ပြီး အဆုံးပိုင်းတွင် "ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း ပြုသူများသည် - ... (ဌ) ဤဥပဒေပါစည်းကမ်းချက်များနှင့် တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများက ဒေသဆိုင်ရာလိုအပ်ချက်အရ ကြိုတင်သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းသဘောတူညီချက်များကို ဖောက်ဖျက်ခြင်းမပြုရ။" ဟု အလုံးစုံချုပ်ကိုင်ထားသည့် ပုဒ်မခွဲတစ်ခုလည်း ပါဝင်ပါသည်။ ဥပဒေပုဒ်မ ၂၀ တွင် ဥပဒေပုဒ်မ ၈ မှ ၁၀ အထိ မည်သည့်အပိုင်းကို ချိုးဖောက်သူမဆို ထောင်ဒဏ် ၁ လ သို့မဟုတ် ဒဏ်ငွေ ၁ သောင်းကျပ်ဖြစ်စေ သို့မဟုတ် ပြစ်ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ခံရမည်ဟု ဆိုထားပါသည်။ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် စီမံထားသော စုဝေးမှု အစီအစဉ် အသေးစိတ်အတွက်၊ ဥပမာအားဖြင့် စုဝေးရန် စီစဉ်ထားသောနေရာနှင့် နေ့ရက်တို့တွင် အခြားစုဝေးမှုတစ်ခုနှင့် တိုက်ဆိုင်နေသော အခြေအနေရှိပါက စုဝေးရန်စည်းရုံးသူများနှင့် ညှိနှိုင်းအဖြေရှာရန် လိုအပ်နိုင်သော်လည်း စုဝေးရန် စည်းရုံးသူများအတွက်မူ ထိုသို့သောညှိနှိုင်းမှုမျိုး လုပ်ဆောင်ရန်မှာ လိုအပ်ချက်တစ်ရပ် မဖြစ်သင့်ပါ။ ဒေသန္တရအာဏာပိုင်များအနေဖြင့်လည်း ငြိမ်းစုစီဥပဒေနှင့် ဂိရောဓိဖြစ်မည့် စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်နိုင်သည့် အခွင့်အာဏာ မရှိသင့်ပါ။

နောက်ပိုင်းတွင် ဆက်လက်ဆွေးနွေးမည့်အတိုင်း ရဲနှင့် ဒေသန္တရအာဏာပိုင်များအနေဖြင့် ဥပဒေပုဒ်မ ၁၀ (ဌ) ကို ရဲများအပါအဝင် ဒေသန္တရအာဏာပိုင်တို့သည် သက်ဆိုင်ရာမြို့နယ်တွင် စုဝေးမှုများအားလုံးကို လိုသလို စည်းကမ်းသတ်မှတ်ပြဋ္ဌာန်းနိုင်သည် သို့မဟုတ် စုဝေးမှုနှင့်ပတ်သက်သော အသေးစိတ်များကို စုဝေးရန် စီစဉ်သူများနှင့် ညှိနှိုင်းကာ သဘောတူညီချက်ရယူနိုင်သည်၊ ဒေသန္တရအာဏာပိုင်များအနေဖြင့် သဘောတူညီချက်ကို ဆိုင်းငံ့ထားသည်ဖြစ်စေ အတည်မပြုသည်ဖြစ်စေ စုဝေးမှုတွင်ပါဝင်သူများအားလုံးကို ဤဥပဒေပါပြဋ္ဌာန်းချက်များအား ချိုးဖောက်မှုဖြင့် တရားစွဲဆို

16 ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေပြင်ဆင်ချက် တင်သွင်းလွှာ (၂၀၁၈) (မူကြမ်း) http://freeexpressionmyanmar.org/wp-content/uploads/2018/02/Peaceful-Assembly-and-Peaceful-Procession-Law-draft-amendment-2018-EN.pdf.

17 Human Rights Council, "Joint report of the Special Rapporteur on the rights to freedom of peaceful assembly and of association and the Special Rapporteur on extrajudicial, summary or arbitrary executions on the proper management of assemblies," UN Doc. No. A/HRC/31/66 para. 21 (4 February 2016).

နိုင်သည်ဟု သက်ရောက်သော အဓိပ္ပာယ်ဖွင့်ဆိုမှု ပြုကြသည်။ ဤအချက်သည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ထွေအုပ်)နှင့် ရဲတပ်ဖွဲ့အပါအဝင် ဒေသန္တရအုပ်ချုပ်ရေးတာဝန်အများစုကို ရယူထားသည့် စစ်တပ်လက်အောက်ခံ ပြည်ထဲရေးဝန်ကြီးဌာနအား ထိန်းချုပ်ခွင့်ပေးအပ်ထားရသောကြောင့် စိုးရိမ်ပူပန်စရာဖြစ်လာသည်။ စစ်တပ်မှ ခန့်အပ်ထားသော ရန်ကုန်တိုင်းဒေသကြီး နယ်စပ်ဒေသနှင့် လုံခြုံရေးဆိုင်ရာဝန်ကြီးက ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ယာဉ်ကြောပိတ်ဆို့မည်ကို စိုးရိမ်ခြင်းနှင့် အစိုးရတာဝန်ရှိသူများနှင့် ဂုဏ်သရေရှိ နိုင်ငံခြားဧည့်သည်များ လုံခြုံရေးအားအကြောင်းပြကာ ရန်ကုန်ရှိ ကြိုတင်သတ်မှတ်ပေးထားသောမြို့နယ် ၁ မြို့နယ်မှလွဲ၍ အခြားမြို့နယ် ၁၁ မြို့နယ်တွင် စုဝေးခွင့်များကို လုံးဝပိတ်ပင်ကြောင်း ထိုပြဌာန်းချက်ကို အသုံးပြုသည်ဟု ယူဆရသောအမိန့်ကို ထုတ်ပြန်ခဲ့သည်။[18] ထိုပြဌာန်းချက်ဖြင့်ပင် ၂၀၁၈ ခုနှစ် မေလ ၁၂ ရက်နေ့တွင် ဆန္ဒပြခဲ့သော လူငယ် ၁၇ ဦးကို ချိုးဖောက်မှုဖြင့်စွပ်စွဲကာ တရားစွဲဆိုခဲ့သည်ကို ထင်ရှားစွာတွေ့ရသည်။[19] ထို့အပြင် မြို့နယ်ထွေအုပ်အာဏာပိုင်များ မှလည်း ၎င်းတို့၏ မြို့နယ်များအတွင်း စုဝေးမှုများကို ပိတ်ပင်ရန် သီးခြားညွှန်ကြားချက်များ ထုတ်ပြန်ခဲ့သည်။ စုဝေးမှုကို သိမ်းကျုံးကာ လုံးဝပိတ်ပင်ခြင်းသည် ငြိမ်းစုစီဉပဒေကို ထင်ရှားစွာ ချိုးဖောက်ခြင်းဖြစ်သည်။ ယာဉ်ကြောပိတ်ဆို့မှုနှင့် အခြားသေးသေးမွှားမွှား လူထုအနှောင့်အယှက်ဖြစ်မှုများအား အကြောင်းပြကာ မြို့နယ် ၁၁ မြို့နယ်တွင် ငြိမ်းချမ်းစွာ စုဝေးမှုများအားလုံးကို ပိတ်ပင်ခြင်းသည် တရားနည်းလမ်းကျသောအကြောင်းပြချက် မဟုတ်ပါ။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် အသင်းပင်းဖွဲ့စည်းခွင့်ဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်မှ အောက်ပါအတိုင်း ထုတ်ဖော်ပြောဆိုပါသည် -

> **"စုဝေးခြင်းဆိုတာက ရောင်းဝယ်ဖောက်ကားနေတာ ဒါမှမဟုတ် မော်တော်ယာဉ်တွေ၊ လမ်းလျှောက်ခရီးသွား နေတဲ့ လူတွေရဲ့ လှုပ်ရှားမှုတွေလိုဘဲ အများပြည်သူပိုင်နေရာကို အလားတူတရားဝင် သုံးစွဲနေတာ ဖြစ်တယ်။ ယာဉ်ကြောအတားအဆီးဖြစ်တာ၊ ရောင်းဝယ်ဖောက်ကားတာတွေကို စိတ်အနှောင့်အယှက်ဖြစ်စေ ရုံတင်မကဘဲ အန္တရာယ်ဖြစ်စေတဲ့အထိပါတဲ့ စုဝေးမှုတွေက ပြည်သူလူထုရဲ့ သာမန်ဘဝကို တစ်စုံတရာအတိုင်းအတာအထိ ထိခိုက်စေတယ်ဆိုရင်တောင် ဒီအခွင့်အရေးက အနှစ်သာရကင်းမဲ့နေတဲ့ကိစ္စ မဟုတ်ဘူးဆိုရင် သည်းညည်းခံ နိုင်ရမယ်။"[20]**

ဥပဒေအရ ကန့်သတ်ထားမှုများအပြင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အစရှိသည်ကဲ့သို့သော အခြေခံ အခွင့်အရေးများနှင့်ပတ်သက်သည့် နိုင်ငံရေးနယ်ပယ်ကလည်း NLD ဦးဆောင်သောအစိုးရလက်ထက်တွင် တစ်စုံတရာ ပိုမိုကျဉ်းမြောင်းလာခဲ့ပါသည်။ အစိုးရ၊ အရပ်ဘက်လူထုအဖွဲ့အစည်းများနှင့် ပြည်သူလူထုထဲမှ တော်တော်များများက လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်တွင် ပါဝင်သည့်အကြောင်းအရာအပေါ် အခြေခံသည့် နားလည်သဘောပေါက်မှုသာ ရှိကြသည်။ အခြားနည်းဖြင့်ဆိုရလျှင် ထုတ်ဖော်ပြောဆိုသည့်အကြောင်းအရာအား ၎င်းတို့သဘောတူမှသာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ထောက်ခံကြသည်ဟူ၍ ဖြစ်သည်။ တက်ကြွလှုပ်ရှားသူတစ်ဦး၏ အဆိုအရ "လူတော်တော်

---

18 Due to its timing just before Pope Francis visited Yangon, and after a large interfaith rally led by the NLD, this ban is suspected by many in civil society to be intended to suppress interfaith assemblies and assemblies by religious minorities.

19 ငြိမ်းစုစီဉပဒေ ပုဒ်မ ၂၀ အရ တရားစွဲဆိုခံထားရသူများကို ၂၀၁၈ ခုနှစ် ဇွန်လလယ်အထိ ၎င်းတို့ရင်ဆိုင်နေရသည့် စွဲချက်များနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကို အကြောင်းကြားခြင်း မရှိသေးပါ။ သို့သော်လည်း ဤသုတေသနတွင် တွေ့ဆုံမေးမြန်းထားသူများအားလုံးနီးပါးက ၎င်းတို့သည် ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ပိတ်ပင်ထားမှုအပါအဝင် ဒေသန္တရအုပ်ချုပ်ရေးအမိန့်များကို ချိုးဖောက်သောကြောင့် ဆန္ဒပြပွဲများကို ခွင့်မပြုခြင်းဖြစ်ကာ ၎င်းတို့အား တရားစွဲဆိုထားခြင်းဖြစ်ကြောင်း ရဲများထံမှ သိရှိရသည်ဟု ပြောကြသည်။

20 Human Rights Council, "Joint report of the Special Rapporteur on the rights to freedom of peaceful assembly and of association and the Special Rapporteur on extrajudicial, summary or arbitrary executions on the proper management of assemblies," UN Doc. No. A/HRC/31/66 (4 February 2016).

များများက လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အကြောင်းကို ပြောကြတယ်။ ဒါပေမယ့် သူတို့ သဘောမတူတဲ့ စကားလုံး ဒါမှမဟုတ် အကြောင်းအရာတစ်ခုခုနဲ့ ပတ်သက်လာပြီဆိုရင် သူတို့က မထောက်ခံတော့ဘူး။”[21] ဤသည်မှာ အစိုးရ၏မူဝါဒ သို့မဟုတ် လုပ်ဆောင်မှုများအား ဆန့်ကျင်သော သို့မဟုတ် အစိုးရနှင့် မြန်မာစစ်တပ်အကြား တင်းမာမှုကိုဖြစ်စေသော ဖော်ထုတ်သည့် စုဝေးမှုများအတွက် ထောက်ခံမှုကို ဦးတည်လာစေခဲ့သည်။

အထက်တွင် ရှင်းပြခဲ့သော ဥပဒေကို လိုသလို အသုံးပြုမှုများနှင့် ကန့်သတ်မှုများသည် ၂၀၁၈ ခုနှစ် ဧပြီလ ၃၀ ရက်နေ့မှ မေလ ၇ ရက်နေ့အထိ မြစ်ကြီးနားတွင် ဖြစ်ပွားခဲ့သော ဆန္ဒပြမှုနှင့် ၂၀၁၈ ခုနှစ် မေလ ၁၂ ရက်နေ့ ရန်ကုန်၌ ဖြစ်ပွားခဲ့သော ဆန္ဒပြမှု အခြေအနေ ၂ ရပ်အား မတူကွဲပြားစွာ သက်ရောက်ခဲ့ပါသည်။ မြစ်ကြီးနားဖြစ်စဉ်နှင့် နှိုင်းယှဉ်လျှင် ရန်ကုန်တွင် ဆန္ဒပြမှုကြောင့် ငြိမ်းစုစီဥပဒေနှင့် တရားစွဲဆိုခံရသူဦးရေ ပိုမိုများပြားပြီး ရဲတပ်ဖွဲ့ဝင်များမှလည်း ပိုမိုဖိနှိပ်ကာ ပြင်းထန်စွာကိုင်တွယ်ခဲ့ပါသည်။ မြစ်ကြီးနားမှ ဆန္ဒပြသူများသည် သပိတ်စခန်းကို ရက်အတန်ကြာ ထိန်းထားနိုင်ခဲ့ပြီး စစ်ဒဏ်သင့် တနိုင်းမြို့နယ် အောင်လော့ဒ်နှင့် လိုင်နောင်ခူး (မြန်မာလို မန်ပိုင် ဟုသိကြသော) ကျေးရွာများမှ ပိတ်မိနေသော IDP များအား ကယ်ဆယ်ရေးအတွက် သဘောတူညီချက်ရရှိရန် အစိုးရနှင့် စေ့စပ်ညှိနှိုင်းခဲ့ပါသည်။ မည်သို့ပင်ဆိုစေ စစ်တပ်၏ချိုးဖောက်မှုများအကြောင်း ဆန္ဒပြပွဲများနှင့် သတင်းစာရှင်းလင်းပွဲအတွင်း ဆန္ဒပြသူများမှ စွပ်စွဲထုတ်ပြန်ပြောဆို မှုကြောင့် ရာဇသတ်ကြီးပုဒ်မ ၅၀၀ အရ ရာဇဝတ်မှုကြောင်းဆိုင်ရာ အသရေဖျက်မှုဖြင့် ဒုဗိုလ်မှူးကြီး မျိုးမင်းဦးမှ စီစဉ်စည်းရုံးသူ ၃ ဦးကို တရားစွဲဆိုထားပါသည်။ ထိုသို့ ရာဇဝတ်ကြောင်းအရ တရားစွဲဆိုမှုများသည် ငြိမ်းစုစီဥပဒေနှင့် စာလျှင် ပိုမိုပြင်းထန်သော ပြစ်ဒဏ်များကို ချမှတ်နိုင်ပါသည်။ ထိုသို့ မတူညီသော တုံ့ပြန်မှုများ၏ နောက်ခံအကြောင်းရင်း ကို ခန့်မှန်းရန်မှာ ဤစာတမ်းဦးတည်သော နယ်ပယ်အတိုင်းအတာထက် ကျော်လွန်သွားသော်လည်း မြို့ ၂ မြို့တွင် ဤဥပဒေတစ်ရပ်တည်းကို မတူညီစွာအသုံးချသွားခြင်းသည် ငြိမ်းစုစီဥပဒေ၏ ဝေဝါးမှုကြောင့်ဖြစ်သော သက်ရောက်မှုနှင့် မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးမှု မရှိသည်ကို ဖော်ပြနေခြင်းသာဖြစ်သည်။

21 ရန်ကုန်တွင် တွေ့ဆုံမေးမြန်းမှု၊ ၂၀၁၈ ခုနှစ် ဇွန်လ

# မြစ်ကြီးနား

မြစ်ကြီးနားမှ ဆန္ဒပြပွဲများသည် လူငယ်ထုက အဓိကအင်အားစုအဖြစ်ပါဝင်ပြီး ကချင်အရပ်ဘက်လူထုအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် စီစဉ်စည်းရုံးကာ ၂၀၁၈ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် စီတန်းလှည့်လည်ခြင်းဖြင့် စတင်ခဲ့ပါသည်။ ထိုဆန္ဒပြပွဲသည် အထက်တွင်ရှင်းပြသကဲ့သို့ ထောင်ချီပိတ်မိနေသော IDP များ၏ အခြေအနေအတွက် အရေးပေါ်တုံ့ပြန်ရေးဗျူဟာ၏ အစိတ်အပိုင်းတစ်ရပ်လည်း ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ် ဧပြီလ ၃၀ ရက်နေ့အထိ အသုံးပြုခဲ့သော စည်းရုံးလှုံ့ဆော်ခြင်းနှင့် စေ့စပ်ညှိနှိုင်းခြင်း နည်းနာများအနေဖြင့် IDP အနည်းငယ်ကိုသာ ကယ်တင်နိုင်ခဲ့ပြီး စိုးရိမ်မှုနှင့် အမျက်ဒေါသထွက်မှုများ အထူးသဖြင့် ယခင်ကတည်းက နိုင်ငံရေးတက်ကြွသော လူငယ်ခေါင်းဆောင်များသာမက ယခင် မတက်ကြွခဲ့သောလူငယ်များပါ ပါဝင်သည့် ကချင်လူငယ်ထုအတွင်း ကြီးထွားလာခဲ့ပါသည်။ ဧပြီလ ၃၀ ရက်နေ့က လူအင်အား ၅၀၀၀ အထိပါဝင်ခဲ့သော ငြိမ်းချမ်းစွာ ဆန္ဒပြမှုနောက်တွင်လည်း အစိုးရထံမှ မည်သည့်တိကျသည့် လုပ်ဆောင်မှုကိုမျှ မတွေ့ရသည့်အခါ လူငယ်တစ်စုမှ ထိုင်သပိတ် ဆက်လက် ဆင်နွှဲရန် ဆုံးဖြတ်ခဲ့ကြသည်။ ၎င်းတို့မှ အကျဉ်းချုပ်တောင်းဆိုချက် ၃ ခုကို ဆုံးဖြတ်ရွေးချယ်ခဲ့သည်။ ၁) ပိတ်ဆို့ခံနေရသော IDP များကို လွှတ်ပေးရန်၊ ၂) IDP အားလုံးအတွက် လူသားချင်းစာနာမှုဆိုင်ရာအကူအညီများ ပေးခွင့်ပြုရန်နှင့် ၃) ပိတ်ဆို့ခံနေရသော IDP များအား ကယ်ဆယ်ရေးနှင့် ကချင်ပြည်နယ်အနှံ့ရှိ အခြား IDP များအတွက် လူသားချင်းစာနာမှုဆိုင်ရာအကူအညီများ ပေးဝေဖြန့်ဖြူးရေး အစီအစဉ်များတွင် ကချင်လူငယ်များနှင့် အရပ်ဘက်လူထုအဖွဲ့အစည်းများအား ထည့်သွင်းရန်တို့ဖြစ်သည်။ ထိုတောင်းဆိုချက်များသည် ရရှိနိုင်ဖွယ်ရှိပြီး နိုင်ငံရေးမပါသဖြင့် အောင်မြင်ရန် အခွင့်အလမ်းများပြီး ဖြိုခွဲမည့်အန္တရာယ်လည်း လျော့ပါးနိုင်သည်ဟု ထိုလူငယ်များမှယူဆကာ တိတိကျကျ ရွေးချယ်လိုက်ခြင်းဖြစ်သည်။

## အသိပေးအကြောင်းကြားခြင်း

အထက်တွင်ဖော်ပြသကဲ့သို့ ငြိမ်းစုစီဉပဒေအရ စုဝေးမှုကို စီစဉ်စည်းရုံးသူများသည် ခွင့်ပြုမိန့် တောင်းခံရန် မလိုအပ်ပါ။ ထိုအစား ငြိမ်းချမ်းစွာစုဝေးမှုပြုလုပ်မည့် ၄၈ နာရီမတိုင်မီတွင် စုဝေးမှုပြုလုပ်မည့် နေ့ရက်၊ အချိန်၊ နေရာ၊ ကြွေးကြော်သံများ၊ စုဝေးရန် စီစဉ်စည်းရုံးသူများ၊ လူဦးရေအရေအတွက်နှင့် အခြားအချက်အလက် အသေးစိတ်ကို အသိပေးအကြောင်းကြားရန်သာ လိုအပ်ပါသည်။ ဤစာတမ်းအတွက် လူငယ်ဆန္ဒပြပွဲတွင် ပါဝင်ခဲ့သူများကို မေးမြန်းခဲ့ရာ၌ အားလုံးက အလေးထားပြောခဲ့သည်မှာ ၎င်းတို့အနေဖြင့် ဤဥပဒေကို လိုက်နာရန် အတတ်နိုင်ဆုံး ကြိုးစားခဲ့ကြပြီး ၎င်းတို့အထဲမှ အချို့မှာ ယခင်က ဆန္ဒပြပွဲများကို အောင်မြင်စွာစည်းရုံးလုပ်ဆောင်ခဲ့ဖူးသည့်၊ အသိပေးအကြောင်းကြားခြင်း ကိစ္စကို လိုက်ပါဆောင်ရွက်ခဲ့ဖူးသည့် သူများပါဝင်ခြင်းကြောင့် ဤတစ်ကြိမ်တွင်လည်း အဆင်ပြေချောမွေ့လိမ့်မည်ဟု ယုံကြည်ခဲ့ကြပါသည်။

၂၀၁၈ ခုနှစ် ဧပြီလ ၃၀ ရက်နေ့ မြစ်ကြီးနားဆန္ဒပြပွဲနှင့် နောက်ဆက်တွဲထိုင်သပိတ်၏ ခေါင်းဆောင်များအနေဖြင့် ငြိမ်းချမ်းစွာစုဝေးမှုတစ်ခုကို ဆောင်ရွက်လိုသည့် ၎င်းတို့၏ရည်ရွယ်ချက်ကို ရဲများထံသို့ အသိပေးရန် အကြိမ်ပေါင်းများစွာ ကြိုးစားခဲ့ကြောင်း ရှင်းပြပါသည်။[22] ဧပြီလ ၂၆ ရက်နေ့တွင် ပထမဆုံးအကြိမ် အသိပေးအကြောင်းကြားခဲ့သော်လည်း ငြိမ်းချမ်းစွာဆန္ဒပြပွဲ စတင်ပြုလုပ်သည့် အချိန်အထိ တုံ့ပြန်မှု တစ်စုံတရာမရရှိခဲ့ဘဲ ဆန္ဒပြနေသည့်အချိန်မှသာ ရဲများက

22 မြစ်ကြီးနားတွင် ဆန္ဒပြခေါင်းဆောင်များနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၁၈ ခုနှစ်

ခွင့်ပြုချက်မပေးနိုင်ကြောင်း စုဝေးရန် စီစဉ်စည်းရုံးသူတစ်ဦးကို ပြောခဲ့ပါသည်။ ရဲများ၏ ငြင်းဆန်မှုရှိနေသော်လည်း ငြိမ်းချမ်းစွာ ဆန္ဒပြမှုများကို ဆက်လက်လုပ်ဆောင်ခဲ့ပါသည်။ ဧပြီလ ၃၀ ရက်နေ့ ညနေပိုင်းတွင် လူငယ်အင်အား ၁၀၀ ခန့်က ဆုတောင်းမှုပြုလုပ်သောပုံစံဖြင့်ငြိမ်းချမ်းစွာဆန္ဒပြပွဲကိုဆက်လက်ပြုလုပ်ရန်ဆုံးဖြတ်ခဲ့ပြီးကချင်ပြည်နယ်အစိုးရရုံးရှေ့တွင် ဆုတောင်းခြင်းလှုပ်ရှားမှုတစ်ခု ညလုံးပေါက်လုပ်ဆောင်မည်ဆိုသည့်အကြောင်း မြို့နယ်ရဲမှူးထံသို့[23] အသိပေးအကြောင်းကြားစာ တစ်စောင်ပေးပို့ခဲ့ပါသည်။ ထိုအကြောင်းကြားစာကို ငြင်းပယ်သောအခါ ကျောင်းတစ်ကျောင်းအနားတွင် နေရာပြောင်းလဲပြုလုပ်မည်ဖြစ်ကြောင်း အဆိုပြုခဲ့ကြပါသည်။ မြို့နယ်ရဲမှူးမှ ယာဉ်ကြောပိတ်ဆို့မှုဖြစ်နိုင်သောကြောင့် ညလုံးပေါက်ဆန္ဒပြပွဲကို ၎င်းအနေဖြင့် ခွင့်မပြုနိုင်ကြောင်းနှင့် အမျိုးသမီးများ ညလုံးပေါက် ဆန္ဒပြပွဲတွင် ပါဝင်နေခြင်းကလည်း လုံခြုံရေးအန္တရာယ်ရှိနိုင်ကြောင်း အကြောင်းပြန်ခဲ့ပါသည်။

ဆန္ဒပြမည့်နေရာကိစ္စနှင့်ပတ်သက်၍ ရဲများနှင့် သဘောတူညီမှုတစ်ရပ် ရရှိရန် ကြိမ်ဖန်များစွာ ကြိုးစားခဲ့ပြီးနောက် လူငယ်များက ကချင်လူမျိုးများအတွက် ဘာသာရေးနှင့် ယဉ်ကျေးမှုအရ အလွန်အရေးပါသော မနောကွင်းသို့ ရွှေ့ပြောင်းပေးခဲ့ပြီး ၎င်းနေရာတွင် ဆန္ဒပြစခန်းတစ်ခုကို ပြုလုပ်ခဲ့ပါသည်။ ဆန္ဒပြခေါင်းဆောင်တစ်ဦးက ပြောပြသည်မှာ မနောကွင်းသည် ကချင်လူမျိုးများအားလုံးနှင့် သက်ဆိုင်သည့် နေရာတစ်ခုအဖြစ် ရှုမြင်ပြီး ဆုတောင်းပွဲနှင့် နိုင်ငံရေး မဟုတ်သော စုဝေးမှုပြုလုပ်ရန်အတွက် ၎င်းတို့အနေဖြင့် ခွင့်ပြုချက် တောင်းခံရန် မလိုအပ်ဟု စုဝေးရန် စည်းရုံးသူများက ထင်မြင်သည်ဟုဆိုသည်။[24] မည်သို့ပင်ဖြစ်စေ ထိုနေရာသည် ၎င်းတို့၏ မူလပထမရွေးချယ်သောနေရာ မဟုတ်ခဲ့သလို လူထုအာရုံစိုက်မှုရရန်အတွက်လည်း မြင်သာသောနေရာ မဟုတ်သည့်အပြင် ဗဟိုအချက်အချာကျမှုလည်း နည်းပါး ပါသည်။

နောက်တစ်နေ့မနက် ၄ နာရီခန့်တွင် အချို့သောဆန္ဒပြသူများက ကချင်ပြည်နယ်အစိုးရရုံးရှေ့တွင် ဆန္ဒပြစခန်းတစ်ခု ဖွင့်လိုက်ပါသည်။ နာရီအနည်းငယ်ကြာသောအခါ ရဲများရောက်ရှိလာပြီး ထိုစခန်းကို ဖယ်ရှားပေးရန် ရဲများမှ ကြိုးပမ်းခဲ့သော်လည်း လူငယ်များက ငြင်းဆန်ခဲ့ကြပြီး ပိတ်ဆို့ခံ IDP များကို တိကျသောအစီအစဉ်များဖြင့် ကယ်ဆယ်နိုင်ရေးညှိနှိုင်းရန် ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးနိုင်သည်အထိ ထိုနေရာ၌ပင် ဆက်လက်လုပ်ဆောင်ရန် ရဲများက နောက်ဆုံးတွင် ခွင့်ပြုခဲ့ပါသည်။[25] ဆန္ဒပြခေါင်းဆောင်များနှင့် အရပ်ဘက်လူထုအသိုင်းအဝိုင်းများမှ ကချင် ပြည်နယ်အစိုးရ၊ ပြီးနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် တွေ့ဆုံဆွေးနွေးနေသည့် ကာလများအတွင်း ဆန္ဒပြသူများမှ ဖိအားဆက်ပေးနိုင်ရန်အတွက် မနောကွင်းတွင် ဆက်လက်ဆန္ဒပြနေခဲ့ကြပါသည်။ အောင်လော့ဒ်နှင့် လိုင်နောင်ခူးတွင် ပိတ်မိနေသော IDP များကို ကယ်ထုတ်နိုင်ပြီးသည့်နောက်တွင် ဆန္ဒပြသူများမှ လူစုခွဲခဲ့ပြီး အခြားကျေးရွာများတွင် ပိတ်မိနေသော IDP များကိုလည်း ကယ်ထုတ်နိုင်ရန် အခြားနည်းလမ်းများဖြင့် ကြိုးစားမည်ဟု သဘောတူခဲ့ကြပါသည်။

ငြိမ်းချမ်းစွာဆန္ဒပြပွဲများ ပြီးဆုံးသွားသည့်နောက် လူငယ်ခေါင်းဆောင် ၂ ဦးဖြစ်သော လွမ်းဇောင်းနှင့် ဆွတ်ဆိုင်းထွယ်တို့အား အာဏာပိုင်များကို အသိပေးအကြောင်းကြားရန် ပျက်ကွက်မှုဖြင့် အရေးယူနိုင်သော

---

23 မြို့နယ်ရဲမှူး

24 မြစ်ကြီးနားတွင် ဆန္ဒပြခေါင်းဆောင်များနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၁၈ ခုနှစ်

25 လူငယ်ကိုယ်စားလှယ်များနှင့် အခြား ကချင်အရပ်ဘက်လူထုအဖွဲ့အစည်းခေါင်းဆောင်များ မေလ ၃ ရက်နေ့တွင် ကချင်ပြည်နယ် ဝန်ကြီးချုပ်နှင့် တွေ့ဆုံခဲ့သည်။ နာရီပေါင်းများစွာ ညှိနှိုင်းမှုများနှင့်စောင့်ဆိုင်းမှုများအပြီး ကချင်ဝန်ကြီးချုပ်က ဝေဝါးသော၊ ကတိကဝတ် မပြုသော သဘောထားတစ်ရပ်ကို အဆိုပြုခဲ့သဖြင့် ကချင်လူငယ်ခေါင်းဆောင်များက ပယ်ချခဲ့သည်။ တဖြည်းဖြည်းနှင့် အစိုးရအဖွဲ့တဖွဲ့ကို ဦးဆောင်ပြီး နောက်နေ့မနက်တွင် လိုင်နောင်ခူးသို့ သွားရောက်ကြည့်ရှုပေးရန် သဘောတူလာခဲ့သည်။ သဘောတူညီထားသောအချိန်တွင် လူငယ်နှင့် အရပ်ဘက်လူထုအဖွဲ့အစည်းကိုယ်စားလှယ်များ ရောက်ရှိသွားသော်လည်း (ပြည်နယ်ဝန်ကြီးချုပ် မပါဝင်သော) အစိုးရအဖွဲ့မှ ထွက်ခွာသွားခဲ့ပြီဖြစ်ကြောင်းတွေ့ရှိခဲ့ရသည်။ လိုင်နောင်ခူးကျေးရွာသို့ ၎င်းတို့ဖာသာ သွားရောက်ရန် ကြိုးစားခဲ့ရာ နာရီအနည်းငယ်အကြာတွင် သွားခွင့်ရသော်လည်း မည်သူတစ်ဦးတစ်ယောက်ကိုမျှ ခေါ်ဆောင်လာခြင်း မပြုရဟု စစ်တပ်မှ တားမြစ်ခြင်းခံခဲ့ရသည်။ ကိုယ်စားလှယ်အဖွဲ့အနေဖြင့် IDP များကို ကယ်ဆယ်နိုင်ခြင်းမရှိဘဲ သွားရောက်လည်ပတ် ရုံသာဖြစ်နေခြင်းသည် IDP များ စိတ်ဓါတ်ရေးရာ ကျဆင်းစေနိုင်သောကြောင့် မသွားရောက်ရန် ဆုံးဖြတ်ခဲ့ကြသည်။ လူငယ်များနှင့် ထောက်ခံသူများသည် ဆန္ဒပြစခန်းတွင် ဆက်လက်နေထိုင်ခဲ့ကြပြီး နောက်ကွယ်တွင် အပြင်းအထန် စေ့စပ်ညှိနှိုင်းကာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရောက်ရှိလာပြီးနောက်တွင် အောင်လော့ဒ်နှင့် လိုင်နောင်ခူးကျေးရွာရှိ ကျန်ရှိနေသော IDP များကို ကယ်ထုတ်နိုင်ခဲ့ပြီးနောက် ဆန္ဒပြစခန်းကို ဖျက်သိမ်းခဲ့ပါသည်။

ပြစ်ဒဏ်များကို ဖော်ပြထားသည့် ငြိမ်းစုစီဥပဒေ ပုဒ်မ ၁၉ ဖြင့် ရဲများက တရားစွဲဆိုခဲ့ပါသည်။ ထိုစွဲချက်များအပေါ် ပထမ အကြိမ်ကြားနာမှုမှာပင် ၎င်းတို့အနေဖြင့် အပြစ်ရှိသည်ဟု တရားသူကြီးကဆုံးဖြတ်ပြီး ဒဏ်ငွေ ၃၀၀၀၀ ကျပ်ဆီ ပေးဆောင်ရန် ပြစ်ဒဏ်ချမှတ်ခဲ့ပါသည်။

> **"တရားရုံးမှာ ကျနော်တို့ ဝန်ခံတာက ကျနော်တို့ ဥပဒေအတိုင်း လိုက်နာချင်တယ်၊ လိုက်နာဖို့လည်း ကြိုးစားခဲ့တယ်၊ ဒါပေမယ့် ကျနော်တို့ အသိပေးအကြောင်းကြားတာကို ရည်ရွယ်ချက်ရှိရှိ ငြင်းပယ်ခံခဲ့ရတာ ဖြစ်တယ်။ ကျနော်တို့က ပိတ်မိနေတဲ့ IDP တွေကို ကူညီပေးဖို့ တောင်းဆိုတာပါလို့ တရားသူကြီးကို ရှင်းပြပါတယ်။ အဲဒါကို ကျနော်တို့ ဥပဒေဘောင်အတွင်းက လုပ်ချင်ခဲ့တယ် ဒါပေမယ့် ကျနော်တို့ ငြင်းပယ်ခြင်း ခံခဲ့ရတယ်။ ကျနော်တို့မှာ အပြစ်မရှိဘူး။" - မြစ်ကြီးနားဆန္ဒပြပွဲ စီစဉ်စည်းရုံးသူတစ်ဦး**

ငြိမ်းချမ်းစွာဆန္ဒပြပွဲ မတိုင်မီနှင့် ဆန္ဒပြပွဲအတွင်း ရဲများ၏ လုပ်ဆောင်ချက်များနှင့် ထိုစွဲဆိုချက်များသည် ငြိမ်းစုစီဥပဒေပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း၊ လွတ်လပ်စွာစုဝေးခွင့်နှင့် ပတ်သက်၍ သော်လည်းကောင်း ရှေ့နောက်မညီဖြစ်နေကြောင်း ပေါ်လွင်နေပါသည်။ မြို့နယ်ရဲမှူးအနေဖြင့် ငြိမ်းချမ်းစွာ ဆန္ဒပြမှုများအတွက် နှစ်ဦးနှစ်ဘက် အဆင်ပြေနိုင်မည့် နေရာနှင့်အချိန်ကို ညှိနှိုင်းရန်ပင် ကြိုးစားခဲ့သော်လည်း သဘောတူညီချက်တစ်ရပ် မရရှိတော့သောအခါ မြို့နယ်ရဲမှူးနှင့်တကွ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် တောင်းခံရန်ပင် မလိုအပ်သော ခွင့်ပြုမိန့်ကို ငြင်းပယ်သည့်နည်းလမ်း ပြန်လည်အသုံးပြုသွားပါသည်။

## ပံ့ပိုးစီစဉ်ခြင်းနှင့် အကာအကွယ်ပေးခြင်း

နိုင်ငံတော်အနေဖြင့် ငြိမ်းချမ်းစွာစုဝေးမှုများကို တက်ကြွစွာ ပံ့ပိုးစီစဉ်ပေးရန် တာဝန်ရှိပါသည်။ ငြိမ်းချမ်းစွာ စုဝေးမှုများအပေါ် ရဲတပ်ဖွဲ့ဝင်များ၏ဆောက်ရွက်မှုနှင့် ဥပဒေအရကန့်သတ်ရခြင်း၏ ရည်ရွယ်ချက်သည် လွတ်လပ်စွာ စုဝေးခွင့်ကို ပံ့ပိုးစီစဉ်ပေးရန်နှင့် ငြိမ်းချမ်းစွာဆန္ဒပြသူများကို ကာကွယ်ပေးရန်သာ ဖြစ်သင့်သည်။

> **"ကျနော်သိထားတာက ကျနော်တို့က သူတို့ကိုအကြောင်းကြားရင် သူတို့က ကျနော်တို့လုံခြုံရေးအတွက် ကာကွယ်ပေးရမယ်။ ယာဉ်ကြောပိတ်ဆို့မှုရှိနေရင် ကျနော်တို့အတွက် ရှင်းပေးရမယ်။ အဲဒါတွေပဲ သူတို့က လုပ်ပေးသင့်တာ။ အဲဒါတွေကို ချိုးဖောက်တော့မှသာ ကျနော်တို့ကို အရေးယူရမှာ။ အခုတော့ တလွဲပြောင်းပြန်ဖြစ်နေတယ်။ ကျနော်နားမလည်တော့ဘူး။" - မြစ်ကြီးနားမှ စုဝေးရန်စီစဉ်စည်းရုံးသူတစ်ဦး**

မြစ်ကြီးနားတွင် ရဲများ၏ဆောင်ရွက်မှုသည် ဆန္ဒပြသူများအား ပံ့ပိုးစီစဉ်ပေးရန် သို့မဟုတ် ကာကွယ်ပေးရန် ရည်ရွယ်ခြင်းထက် ၎င်းတို့အား ထိန်းချုပ်ရန်နှင့် ဆန္ဒပြမှု၏ အတိုင်းအတာပမာဏနှင့် သက်ရောက်မှုကို လျှော့ချရန် အတွက်သာ ပိုမိုရည်ရွယ်ထားပုံရသည်။ ငြိမ်းချမ်းစွာဆန္ဒပြရာတွင် ပါဝင်သူများနှင့် စီစဉ်စည်းရုံးသူများက ပြောသည်မှာ ရာပေါင်းများစွာသော ရဲတပ်ဖွဲ့ဝင်များက ၎င်းတို့၏ ဆန္ဒပြစခန်းကို စဉ်ဆက်မပြတ်ဝိုင်းထားခြင်း၊ သတင်းတပ်ဖွဲ့ (SB) မှဟု သံသယရှိလောက်သူများမှ စောင့်ကြည့်အကဲခတ်နေခြင်းနှင့် စုဝေးရန်စည်းရုံးသူများကို ရဲများက မကြာခဏဖုန်းခေါ်၍ သတင်းအချက်အလက်များ တောင်းသည့်အပြင် လူချင်းတွေ့ဆုံရန် တောင်းဆိုခြင်းများ ပြုလုပ်ကြပါသည်။ အထူးသဖြင့် စီစဉ်စည်းရုံးသူအမျိုးသမီးများကို ရဲအရာရှိများက နေ့တိုင်း ကြိမ်ဖန်များစွာဖုန်းခေါ်ပြီး သတင်းအချက်အလက် တောင်းခြင်းနှင့် လူချင်းတွေ့ဆုံရန် တောင်းဆိုခြင်းများ ပြုလုပ်ပါသည်။ ဆန္ဒပြသူလူငယ်များက ၎င်းတို့ဖာသာ

လုံခြုံရေးအဖွဲ့ ဖွဲ့ထားပြီး ဆန္ဒပြစခန်းကို စစ်တပ်လိုလားသော သွေးထိုးလိုသူများမှ နှောင့်ယှက်ရန် ကြိမ်ဖန်များစွာ ကြိုးစားမှုများကို ကြိုတင်ကြားဖြတ်သိရှိခဲ့ရသည့်အချိန်တွင် ရဲများက ထိုအခြေအနေများကို ကြည့်ရှုံသာကြည့်နေပြီး ငြိမ်းချမ်းစွာ ဆန္ဒပြသူများကို ကာကွယ်ပေးရန် မည်သည့်လုပ်ဆောင်မှုကိုမှ မလုပ်ခဲ့ပါ။ ခြုံကြည့်လျှင် ရဲများ၏ လုပ်ဆောင်မှုနှင့် ဆန္ဒပြစခန်းတွင် ရောက်ရှိနေမှုသည် ပံ့ပိုးစီစဉ်ပေးရန်၊ ကာကွယ်ပေးရန်ဆိုသည်ထက် ထိန်းချုပ်ရန် အတွက်သာ ဖြစ်သည်ဟူသော ထင်မြင်ချက်ကို ဖြစ်ပေါ်စေပါသည်။



မြစ်ကြီးနားမြို့ငြိမ်းချမ်းစွာဆန္ဒပြပွဲတွင်မြို့နယ်ရဲမှူးမှဆန္ဒပြပွဲစီစဉ်စည်းရုံးသူများနှင့်စကားပြောနေစဉ်၊ ၂၀၁၈ခုနှစ်မေလ၁ရက်နေ့ (ဓာတ်ပုံ - Kachin Youth Movement)

မည်သို့ပင်ဆိုစေ မြို့နယ်ရဲမှူး၏ စေ့စပ်ညှိနှိုင်းရန် ကြိုးပမ်းမှုများ၊ ဆန္ဒပြစခန်းကို ခွင့်ပြုမှုနှင့် ငြိမ်းချမ်းစွာ ဆန္ဒပြပွဲအပေါ် အကြမ်းဖက်နှိမ်နင်းခြင်း မလုပ်ခဲ့ခြင်းအတွက် ကျေးဇူးတင်ကြောင်း စီစဉ်စည်းရုံးသူ တော်တော်များများမှ ဖော်ပြခဲ့ကြပါသည်။ ငြိမ်းချမ်းစွာဆန္ဒပြပွဲကို စီစဉ်စည်းရုံးသူများနှင့် ဆန္ဒပြပွဲတွင်ပါဝင်သူများ၏ ပြောဆိုချက်များအရ မြို့နယ်ရဲမှူးနှင့် အခြားရဲအရာရှိများအနေဖြင့် ငြိမ်းချမ်းစွာဆန္ဒပြမှုများကို ထိန်းချုပ်၊ လျှော့ချရန် စစ်တပ်မှ ဖိအားပေးမှုများကို ခံရသလို မဖြိုခွဲရန်အတွက် လူထုဘက်မှ ဖိအားများလည်း ရရှိခဲ့သည်ဟု ဆိုသည်။ ရဲများအနေဖြင့် ဖိအားများကို တတ်နိုင်သမျှ ကြံ့ကြံ့ခံကာ ငြိမ်းချမ်းစွာဆန္ဒပြသူများကို အကြမ်းဖက်ဖြိုခွဲမှုများ လုပ်ဆောင်ခြင်း မပြုခဲ့ဟု ခံစားရကြောင်း တွေ့ဆုံမေးမြန်းခဲ့သူများစွာက ဖြေကြားခဲ့သည်။ အဆုံးသတ်တွင်မူ မြို့နယ်အဆင့်ရဲအရာရှိများအနေဖြင့် အထက်မှ ရဲအရာရှိများနှင့် စစ်တပ်ထံမှ ပေးအပ်လာသော ညွှန်ကြားချက်များကို ဆက်လက်မငြင်းဆန်နိုင်တော့ကြောင်း တွေ့ဆုံမေးမြန်းသူများက ထပ်မံထောက်ပြခဲ့ကြသည်။[26]

26 မြန်မာနိုင်ငံတွင် ရဲတပ်ဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာန၏ လက်အောက်ခံဖြစ်သည်။ စစ်တပ်မှရေးဆွဲသည့် အပြစ်အနာဆာများနှင့် ပြည့်နှက်နေသော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင် စစ်တပ်သည် ပြည်ထဲရေးအပြင် ကာကွယ်ရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဌာနများကိုပါ ချုပ်ကိုင်ထားသည်။

# ဘက်လိုက်ခြင်းနှင့် တပြေးညီမဖြစ်သော အရေးယူလိုက်နာစေခြင်း

အတိတ်ကာလဆန္ဒပြမှုထက်စာလျှင် ယခုဆန္ဒပြမှုတွင် ၎င်းတို့၏တောင်းဆိုချက်များအပေါ် မူတည်၍ မတူကွဲပြားစွာ ဆက်ဆံခံခဲ့ရကြောင်း တွေ့ဆုံမေးမြန်းခဲ့သော စုဝေးရန် စီစဉ်စည်းရုံးသူများက ယုံကြည်ကြသည်။ ပဋိပက္ခဒေသအတွင်းရှိ ပြည်သူလူထုအား ကယ်တင်ရန်ကိစ္စကိုပင် အငြင်းပွားဖွယ်ရာအဖြစ် မြင်နေခြင်းကို စိတ်ပျက်မိသည့်အပြင် ၎င်းတို့၏ တောင်းဆိုချက်များသည် နိုင်ငံရေးပိုဆန်ပါက ဖြိုခွဲမှုမှာ ပိုမိုဆိုးရွားနိုင်သည်ဟု ထင်မြင်ကြောင်း ပါဝင်သူ အများအပြားက ထုတ်ဖော်ပြောကြသည်။

> **"ငါတို့က နိုင်ငံရေးလုပ်နေတာမဟုတ်ဘူး။ ပိတ်မိနေတဲ့ IDP တွေအတွက် လူသားချင်းစာနာတဲ့ ရည်ရွယ်ချက်နဲ့ လှုတ်ပေးဖို့ အစိုးရကို တောင်းဆိုရုံပဲ။ တခြားနိုင်ငံရေး ရည်ရွယ်ချက်လည်း ဘာမှမပါဘူး။ ဖမ်းဖို့တော့ မစဉ်းစားနဲ့။" - မြစ်ကြီးနားဆန္ဒပြပွဲ စီစဉ်စည်းရုံးသူတစ်ဦး**

၎င်းတို့၏ တောင်းဆိုမှုများကို လူသားချင်းစာနာမှုအပေါ်တွင်သာ အခြေခံ၍ နိုင်ငံရေး မဆန်အောင် တင်ပြနိုင်ရန် ကြိုးပမ်းခဲ့သော်ငြားလည်း ပိတ်ဆို့ခံနေရသော IDP များ၏ အခြေအနေကို အာရုံစိုက်လာအောင် တောင်းဆိုမှုများနှင့် ၎င်း IDP များအား ကယ်ဆယ်ရန် အစိုးရမှ အားထုတ်မှု မရှိခြင်းသည် စစ်တပ်၏ ရက်စက်ကြမ်းကြုတ်မှုနှင့် နိုင်ငံသားများ၏ အသက်ကို ကယ်တင်ရန်အတွက်ပင် အစိုးရတွင် စွမ်းဆောင်ပေးနိုင်စွမ်း မရှိကြောင်း မီးမောင်းထိုးပြသလို ဖြစ်သွားခြင်းကို ဆန္ဒပြသူများမှ အသိအမှတ်ပြုကြပါသည်။ ထိုအချက်ကသာလျှင် ငြိမ်းချမ်းစွာ ဆန္ဒပြမှုသည် ၎င်းတို့ဆောင်ရွက်ခဲ့သော အခြားဆန္ဒပြပွဲများနှင့် မတူဘဲ ပိုမိုထိန်းချုပ်ခံခဲ့ရကာ ရဲများမှ ခွင့်ပြုမိန့် ငြင်းဆန်ခြင်းနှင့် နောက်ဆုံးတွင် စည်းရုံးသူများအား တရားစွဲဆိုခြင်းများအတွက် အကြောင်းရင်းဖြစ်သည်ဟု ၎င်းတို့ ခံစားရကြောင်း ဖော်ပြကြပါသည်။

> **"ဆန္ဒပြမှုတစ်ခုကို စီစဉ်စည်းရုံးရင် အစိုးရကို ဆန့်ကျင်တဲ့ကိစ္စက တစ်ခုမဟုတ် တစ်ခု အမြဲလိုလိုပါတယ်။ တောင်းဆိုတယ်ဆိုတာကလည်း အစိုးရက လုပ်ပေးရမယ့်ကိစ္စကို မလုပ်ခဲ့လို့ တောင်းဆိုရတာ။ တစ်ခုခု လွဲမှားသွားရင် တစ်ခုခုဖြစ်သွားမှာကို သူတို့က စိုးရိမ်နေကြတယ်၊ တကယ်လို့ တောင်းဆိုချက်တွေက အစိုးရလုပ်မပေးနိုင်တဲ့ဟာမျိုး ဖြစ်နေရင် ပိုဆိုးတယ်။" - မြစ်ကြီးနားမှ ရှေ့နေတစ်ဦး**

ငြိမ်းစုစီဥပဒေနှင့် ပတ်သက်သော တရားစွဲဆိုမှုများအပြင် အရပ်သားများအပေါ် စစ်တပ်၏ ချိုးဖောက်မှုများအား ထုတ်ဖော်ပြောဆိုမှုများကြောင့် ဆန္ဒပြခေါင်းဆောင်များဖြစ်သော လွမ်းဖောင်း၊ နန်ပူနှင့် ဇော်ဂျတ်တို့ ၃ ဦးအား ဒုဗိုလ်မှူးကြီး မျိုးမင်းဦးမှ ရာဇသတ်ကြီးပုဒ်မ ၅၀၀ ဖြင့် တရားစွဲဆိုခဲ့ပါသည်။ ထိုတရားစွဲဆိုမှုများသည် ထောင်ဒဏ် ၂ နှစ် အထိ ပိုမိုပြင်းထန်သည့်ပြစ်ဒဏ် ချမှတ်နိုင်သော အခြေအနေရှိနေပါသည်။

တရားစွဲဆိုမှုများ အထူးသဖြင့် ထိုတက်ကြွလှုပ်ရှားသူ ၃ ဦးအပေါ် ယခုကဲ့သို့ အသရေဖျက်မှုနှင့် စစ်တပ်အရာရှိ တစ်ဦးမှ တရားစွဲဆိုမှုများသည် ထိုဆန္ဒပြမှုများက စစ်တပ်၏ ရက်စက်ကြမ်းကြုတ်မှုများကို အာရုံစူးစိုက်လာစေခြင်းဖြင့် စစ်တပ်၏ပုံရိပ်အား အမြင်ဆိုးစေခဲ့ခြင်းကြောင့် ဆန္ဒပြမှုကိုဖြိုခွဲရန် ၎င်း၏ဖိအားပေးမှုကို ရဲများမှ ဆန့်ကျင်တောင့်ခံခဲ့ပြီးသည့်တိုင်အောင် စစ်တပ်မှ ထိုလှုပ်ရှားမှုအပေါ် အပြစ်ပေးခြိမ်းခြောက်သည့် နည်းလမ်းတစ်ခုအဖြစ် ဆောင်ရွက်ခဲ့ခြင်းနှင့် ဆက်စပ်နေသည်ဟု ထင်မြင်ကြောင်း ယခုစာတမ်းအတွက် တွေ့ဆုံမေးမြန်းခဲ့သူအများစုမှ အဆုံးသတ်တွင် ပြောဆိုခဲ့ပါသည်။

# ရန်ကုန်

ရန်ကုန်ရှိ တက်ကြွလှုပ်ရှားသူလူငယ်များနှင့် အရပ်ဘက်လူထုအဖွဲ့အစည်းများသည် စစ်ပွဲဆန့်ကျင်ရေး ဆန္ဒပြပွဲများနှင့် လှုပ်ရှားမှုများကို နှစ်ပေါင်းအတော်ကြာ ကြိုကြားကြိုကြား ပြုလုပ်ခဲ့ကြပါသည်။ ၂၀၁၈ ခုနှစ် မေလ ၁၂ ရက်နေ့ ငြိမ်းချမ်းစွာဆန္ဒပြပွဲကို စီစဉ်စည်းရုံးသူအများအပြားအနေဖြင့် ထိုလှုပ်ရှားမှုဖြစ်ရန် မြစ်ကြီးနား၌ ဖြစ်ပွားခဲ့သော ကချင်အရပ်ဘက်လူထုအဖွဲ့အစည်းများ၏ ငြိမ်းချမ်းစွာဆန္ဒပြပွဲများက လှုံ့ဆော်ခဲ့သည်ဟု ရှင်းပြခဲ့သလို ၎င်းတို့မှ ယခင်က ပြုလုပ်ခဲ့သော စစ်ဆန့်ကျင်ရေးလှုပ်ရှားမှုများ၏ အဆက်ဟုလည်း ရှုမြင်ကြပါသည်။ စကတည်းကပင် ၎င်းတို့၏ လုံခြုံရေးအတွက် စိုးရိမ်ပူပန်စရာများရှိနေသော်လည်း ကချင်လူငယ်များကို ထောက်ခံပြီး သွေးစည်းညီညွတ်မှု ပြသရန် အတွက် ၎င်းတို့တွင် တာဝန်ရှိသည်ဟု ရန်ကုန်ရှိ တက်ကြွလှုပ်ရှားသူလူငယ်များက ခံယူကြပါသည်။ ပိတ်ဆို့ခံနေရသော IDP များ၏ အခြေအနေနှင့် ငြိမ်းချမ်းရေးဖြစ်စဉ် နှောင့်နှေးမှုနှင့်မအောင်မြင်မှုများ မြင့်မားလာခြင်းက မြင်သာမှုနည်းသော အခြားနည်းနာများကို အသုံးပြုခြင်းထက် လူသိထင်ရှားဆန္ဒပြမှု ပြုလုပ်ရန် အလျင်အမြန် လိုအပ်လာမှုကို တွန်းအား ပေးနေခဲ့ပါသည်။ ဆန္ဒပြပွဲတောင်းဆိုချက်များမှာ ၁) စစ်ပွဲအမြန်ဆုံးရပ်တန့်ရန်၊ ၂) ပဋိပက္ခဖြေရှင်းရေးအတွက် ဆွေးနွေး ညှိနှိုင်းခြင်းဖြင့်အဖြေရှာရန်၊ ၃) စစ်ဒဏ်ခံရသူအားလုံးအတွက် လူသားချင်းစာနာသည့် အကူအညီများခွင့်ပြုရန်၊ နှင့် ၄) ပဋိပက္ခဒဏ်သင့် ပြည်သူလူထုအားလုံးကို အကာအကွယ်ပေးရန်တို့ဖြစ်ပါသည်။[27] ရဲတပ်ဖွဲ့၏ဖြိုခွဲမှုကို ခံခဲ့ရ သော်လည်း စီစဉ်စည်းရုံးသူအများစုက ဆန္ဒပြပွဲနှင့် ၎င်းတို့အပေါ် တရားစွဲဆိုမှုများအား သတင်းမီဒီယာမှ ကျယ်ကျယ် ပြန့်ပြန့် ဖော်ပြခဲ့သဖြင့် ဆက်လက်ဖြစ်ပွားနေသော ပြည်တွင်းစစ်အခြေအနေနှင့် လူသားချင်းစာနာမှုဆိုင်ရာအခြေအနေ တို့အား ပြည်သူလူထုသိရှိလာခဲ့သည့်အတွက် ဆန္ဒပြပွဲအောင်မြင်သည်ဟု ယူဆကြောင်း ဖော်ပြကြပါသည်။

## အသိပေးအကြောင်းကြားခြင်း

ကနဦးအစီအစဉ်အရ ငြိမ်းချမ်းစွာဆန္ဒပြမှုကို ချီတက်ပွဲပုံစံဖြင့် တာမွေကုန်းကျော်တံတားမှစတင်ကာ ရန်ကုန်မြို့လယ်ရှိ ဆူးလေဘုရားအထိ လမ်းလျှောက်ချီတက်ရန် ရည်ရွယ်ထားခဲ့ပါသည်။ သို့ဖြစ်၍ ဦးဆောင် စီစဉ်စည်းရုံးသူ အမျိုးသမီး ၃ ဦးဖြစ်သည့် သဥ္ဇာရွှန်းလဲ့ရည်၊ အိအိမိုးနှင့် ရှားယမံတို့မှ စီတန်းလှည့်လည်မှု ပြုလုပ်ရာတွင် ဖြတ်သန်းသွားမည့်မြို့နယ်များရှိ မြို့နယ်ရဲစခန်း ၅ ခုသို့ အသိပေးအကြောင်းကြားစာများကို မေလ ၁၀ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။ ပထမဦးဆုံးရဲစခန်းဖြစ်သည့် တာမွေမြို့နယ်ရဲစခန်းတွင် ရဲအရာရှိများ က "ဒါဖြစ်လို့မရဘူး၊ ဒါလုပ်လို့မရဘူး"[28] ဟု ဆိုကာ ချက်ချင်းငြင်းပယ်ရန် ကြိုးစားခဲ့ပါသည်။ စီစဉ်စည်းရုံးသူများကလည်း ဥပဒေအရ ၎င်းတို့၏ခွင့်ပြုချက် ရယူရန်မလိုဟု တုံ့ပြန်ကာ ထိုရဲအရာရှိများအား ၎င်းတို့၏အထက်အရာရှိများထံသို့သာ တင်ပြပေးရန် တောင်းဆိုခဲ့ကြပါသည်။ ထို့နောက် ချီတက်ရာတွင် ဖြတ်သန်းသွားမည့် မြို့နယ်များအလိုက် ရဲစခန်းတိုင်းတွင် အသိပေးအကြောင်းကြားစာများကို ဆက်လက် ပေးပို့ ခဲ့သော်လည်း မည်သည့်တုံ့ပြန်မှုမှ မရရှိခဲ့ပါ။

ထိုည ၁၁ နာရီခန့်တွင် ဦးဆောင်စည်းရုံးသူတစ်ဦး၏ ရုံးခန်းသို့ ရဲကားတစ်စီးစာအပြည့် ရဲအရာရှိများသည်

27 Public Peace Movement Statement. See https://www.facebook.com/photo.php?fbid=2065603886800522&set=a.528850097142583.138893.100000527934440&type=3&theater

28 ရန်ကုန်တွင်ဆန္ဒပြပွဲဦးဆောင်သူနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၁၈ ခုနှစ်

ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အတူ[29] ရောက်ရှိလာခဲ့ပြီး အဖွဲ့အစည်း၏ အဖွဲ့ဝင်စာရင်းနှင့် ဆန္ဒပြပွဲအား စီစဉ်စည်းရုံးရန်အတွက် အာဏာပိုင်များကို အသိပေးအကြောင်းကြား ထားခြင်းရှိမရှိ မေးမြန်းခဲ့ပါသည်။ နောက်နေ့မနက်တွင် စီစဉ်စည်းရုံးသူ ၃ ဦး၏ နေအိမ်များတွင် ငြင်းပယ်စာများကို ပေးပို့ရန် ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာသဖြင့် လမ်းပေါ်တွင် စိတ်ဝင်တစား စောင့်ကြည့်နေသူများဖြင့် ပြည့်နှက်နေခဲ့ပါသည်။ ထိုစာကို ပေးပို့ရန်အတွက် ရဲအင်အားအလုံးအရင်းဖြင့် ရောက်ရှိလာမှုအပေါ် စီစဉ်စည်းရုံးသူများမှ တုန်လှုပ်ကာ ခြိမ်းခြောက်ခြင်းခံရသည်ဟု ခံစားရပါသည်။ ထိုအဖြစ်အပျက်ကြောင့် စီစဉ်စည်းရုံးသူနှစ်ဦး၏ အိမ်ပိုင်ရှင်များမှ ၎င်းတို့ကို တိုက်ခန်းမှ ပြောင်းရွှေ့ပေးရန် အသိပေးအကြောင်းကြားလာပါသည်။

စီစဉ်စည်းရုံးသူများမှ ငြင်းပယ်စာကို လက်မခံဘဲ ပယ်ချခဲ့ပြီး အမှန်တကယ်အားဖြင့် ဥပဒေအရ ခွင့်ပြုချက်ပင် မလိုအပ်ကြောင်း ရှင်းပြကာ စီစဉ်ထားသည့်အတိုင်း ငြိမ်းချမ်းစွာဆန္ဒပြမှုကို ဆက်လက်လုပ်ဆောင်မည် ဖြစ်ကြောင်း စာဖြင့်ရေးသား အကြောင်းပြန်ခဲ့ပါသည်။ နောက်တစ်နေ့ စီစဉ်ထားသည့်ငြိမ်းချမ်းစွာဆန္ဒပြမည့် နေရာသို့ ရောက်ရှိသောအခါ ၎င်းတို့စုစည်းမည့်ဆုံရပ်တွင် ရန်လိုနေသော တန်ပြန်ဆန္ဒပြသူအုပ်စုကြီးအပြင် [ပံ့ပိုးစီစဉ်ခြင်းနှင့် အကာအကွယ်ပေးခြင်း အခန်းတွင် ဆက်ကြည့်ပါ။] ရာချီသောရဲများက ဝိုင်းထားသည့်အနေအထားတွင် ရှိနေပြီး ၎င်းတို့စီစဉ်ထားသည့် စီတန်းလှည့်လည်ရန်ကိုလည်း ခွင့်မပြုတော့ပါ။ ငြိမ်းချမ်းစွာဆန္ဒပြသူများနှင့် စီစဉ်စည်းရုံးသူများက ၎င်းတို့စီစဉ်ထားသည့်အတိုင်း ချီတက်ရန်ကိုစွအား မည်သည့်အတွက်ကြောင့် ပိတ်ပင်ရသနည်းဆိုသည်ကို မေးမြန်းရင်း ဥပဒေခွင့်ပြုချက်ကို ရှင်းပြရန် ကြိုးစားခဲ့သော်လည်း ရဲများက "[ငါတို့] ခွင့်မပြုဘူး" ဟူသည့်စကားကိုသာ ထပ်တလဲလဲပြောပြီး ငြိမ်းချမ်းစွာဆန္ဒပြမှုကို ရုပ်သိမ်းရန်သာ အမိန့်ပေးပါသည်။

ဤသို့ခွင့်ပြုချက်ပေးရန် အကြိမ်ကြိမ်ငြင်းဆန်မှု၊ စီစဉ်ထားသော စီတန်းလှည့်လည်ရန်ကို ပိတ်ပင်မှုနှင့် ငြိမ်းချမ်းစွာဆန္ဒပြသူများအား လူစုခွဲရန် ဖိအားပေးမှုတို့သည် ငြိမ်းစုစီဥပဒေ ပုဒ်မ ၈ နှင့် ဆန့်ကျင်နေပါသည်။ ရဲများက ဆန္ဒပြသူများအပေါ် ဥပဒေပုဒ်မ ၁၉ အစား ဥပဒေပုဒ်မ ၂၀ ဖြင့် တရားစွဲဆိုခြင်းကလည်း ၎င်းတို့အနေဖြင့် ခွင့်ပြုရန် ငြင်းပယ်၍ မရကြောင်းသိရှိနေသည်ကို ဖော်ပြလျက်ရှိနေပါသည်။ ထိုအစား ဥပဒေပုဒ်မ ၁၀ (ဍ) တွင် ဖန်တီးထားသော မလွယ်ပေါက်ကို အသုံးချပြီး ကျယ်ပြန့်လွန်းလှသော ဒေသန္တရအမိန့်နှင့် ညွှန်ကြားချက်များအရ ခွင့်ပြုချက်ပေးရန် ငြင်းဆန်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး နယ်စပ်ရေးရာနှင့်လုံခြုံရေးဝန်ကြီးမှ ယာဉ်ကြောပိတ်ဆို့မှုအပါအဝင် ပြည်သူလူထုကို အနှောင့်အယှက် ဖြစ်စေသည်ဟူသော အကြောင်းပြချက်များဖြင့် ဆန္ဒပြမှုများအားလုံးကို ရန်ကုန်ရှိ မြို့နယ် ၁၁ မြို့နယ်တွင် ပိတ်ပင်ကာ ဆန္ဒပြမှုများကို သတ်မှတ်ထားသောနေရာ တစ်နေရာတွင်သာ လုပ်ရန်ဆိုသည့် ညွှန်ကြားချက် တစ်ရပ်ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့ပါသည်။[30] ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်တွင် စစ်တပ်မှ ခန့်အပ်ထားသော မြို့နယ်အုပ်ချုပ်ရေးမှူးများထံမှ မြို့နယ်အတွင်း စုဝေးမှုများကို ပိတ်ပင်ကြောင်း အကြောင်းကြားစာများ ရရှိခဲ့သည်ဟု အချို့သော စီစဉ်စည်းရုံးသူများက ဖော်ပြကြပါသည်။

အထက်တွင်ရှင်းပြထားသကဲ့သို့ ယာဉ်ကြောပိတ်ဆို့မှုများ သို့မဟုတ် ပြည်သူလူထု စိတ်အနှောင့်အယှက် ဖြစ်ရမှုများ အခြေခံသက်သက်ပေါ်တွင် ငြိမ်းချမ်းစွာစုဝေးခွင့်အား ကန့်သတ်ခြင်း အထူးသဖြင့် စုဝေးမှုတစ်ခုချင်း၏

29 ရပ်ကွက်အုပ်ချုပ်ရေးမှူးသည် ဒေသန္တရအုပ်ချုပ်ရေးအတွက် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ခံရသော ရာထူးဆိုသော်ငြားလည်း ချို့ယွင်းချက်များနှင့်ပြည့်နှက်နေသော လုပ်ထုံးလုပ်နည်းများနှင့်အတူ ၎င်းသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို တာဝန်ယူ တာဝန်ခံရသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် စစ်တပ်မှ ထိန်းချုပ်ထားသည့် ပြည်ထဲရေးဝန်ကြီးဌာန၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ ရပ်ကွက်အုပ်ချုပ်ရေး မှူးများအကြောင်း ပိုမိုသိရှိလိုလျှင် ရှေ့ပြေးအသံအဖွဲ့ (PV) နှင့် ဒီမိုကရေစီဖွံ့ဖြိုး တိုးတက်ရေးလှုပ်ရှားဆောင်ရွက်မှုကော်မတီ (ACDD) တို့မှ ရေးသားထုတ်ဝေထားသော "အခြေခံလူတန်းစား၏ဒီမိုကရေစီ - ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေအား သုံးသပ်ခြင်း" စာတမ်းတိုကို သွားရောက်ကြည့်ရှုနိုင်ပါသည်။ "အခြေခံလူတန်းစား၏ ဒီမိုကရေစီ - ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေအား သုံးသပ်ခြင်း" (2018), https://progressivevoicemyanmar.org/wp-content/uploads/2018/05/20180410_ACDD_Grassroots_Democracy_-_Print-ready.pdf.

30 Human Rights Watch, "Burma: Withdraw Protest Ban in Yangon" (15 November 2017), https://www.hrw.org/news/2017/11/15/burma-withdraw-protest-ban-yangon.

သီးခြားအခြေအနေများတွင် အကျုံးမဝင်သော သိမ်းကျုံးပိတ်ပင်ခြင်းကို နိုင်ငံတကာစံနှုန်းများက ခွင့်ပြုမထားပါ။[31] ငြိမ်းစုစီ ဥပဒေတွင်လည်း ထိုသို့ကျယ်ပြန့်စွာ သိမ်းကျုံးကန့်သတ်ခြင်း မျိုးကို ခွင့်ပြုထားခြင်းမရှိပါ။[32]

## ပံ့ပိုးစီစဉ်ခြင်းနှင့် အကာအကွယ်ပေးခြင်း

စီစဉ်စည်းရုံးသူများမှ ငြိမ်းချမ်းစွာစုဝေးမှုတစ်ရပ်အတွက် ၎င်းတို့၏အစီအစဉ်ကို ဒေသဆိုင်ရာအာဏာပိုင်များထံသို့ အကြောင်းကြားသည်နှင့် ရဲများ၏ စေ့စပ်ညှိနှိုင်းမှုများနှင့် ဆောင်ရွက်မှုများသည် စုဝေးမှုကို ပံ့ပိုးစီစဉ်ပေးခြင်း၊ စုဝေးမှုတွင်ပါဝင်သူများကို အကာအကွယ်ပေးခြင်းနှင့် "အကြမ်းဖက်မှုသည် ဆိုးရွားကျယ်ပြန့်ပြီး ခန္ဓာကိုယ်လုံခြုံရေး သို့မဟုတ် ပိုင်ဆိုင်မှုဥစ္စာပစ္စည်းအား အသေအချာ အန္တရာယ်သက်ရောက်နိုင်မည့် အခြေအနေဖြစ်လာလျှင်၊ ဥပဒေအကောင်အထည်ဖော်ရေး တာဝန်ရှိသူများအနေဖြင့် စုဝေးမှုကို ပံ့ပိုးစီစဉ်ပေးခြင်းနှင့် ပါဝင်သူများကို ထိခိုက်ခြင်းမှ ကာကွယ်ပေးရန်အတွက် ကျိုးကြောင်းခိုင်လုံမှုရှိသည့် နည်းလမ်းများကို အသုံးပြုဆောင်ရွက်ရမည့် အနေအထားဖြစ်လာလျှင်" စုဝေးမှုကို လူစုခွဲနိုင်ရန် အစရှိသည့် ရည်ရွယ်ချက်များအတွက်သာ ဖြစ်ရမည်။[33] မည်သို့ပင်ဖြစ်စေ ရဲများ၏ တည်ရှိနေမှုသည် ဆန္ဒပြသူများကို နှောင့်ယှက်ရန်နှင့် စုဝေးမှုပြုလုပ်ခြင်းကို တားဆီးရန်အတွက်သာ ဦးတည်နေကြောင်း စကတည်းကပင် ထင်ရှားနေပါသည်။ ရဲများအနေဖြင့် အကြမ်းဖက်နေသော တန်ပြန်ဆန္ဒပြသူများ အန္တရာယ်မှ ငြိမ်းချမ်းစွာ ဆန္ဒပြသူများအား အကာအကွယ်ပေးရန် အနည်းငယ်မျှသာ လုပ်ဆောင်ပေးခဲ့ပြီး အမှန်ဆိုရလျှင် နောက်ပိုင်းတွင် ဆွေးနွေးမည့် ငြိမ်းချမ်းစွာဆန္ဒပြမှုတွင် မပါဝင်ဘဲ ပြင်ပတွင်ရှိနေသော တက်ကြွလှုပ်ရှားသူတစ်ဦးအား အတင်းအကျပ် ခေါ်ဆောင်လာကာ ဖမ်းဆီးခိုင်းသည့် အခြေအနေကဲ့သို့ အလွန်စိုးရိမ်စရာ ဖြစ်ရပ်တစ်ခု အပါအဝင် တန်ပြန်ဆန္ဒပြသူ များ၏ တောင်းဆိုမှုများကိုသာ အဓိကထားတုံ့ပြန်နေရပုံ ရှိပါသည်။

ဆန္ဒပြသောနေရာတွင် ဆန္ဒပြသူများနှင့် မီဒီယာများက ရေအမြောက်ဟုယူဆသော ရေထိုးပိုက်တပ်ထရပ်ကားကြီးများ၊ အဓိကရုဏ်းနှိမ်နင်းရေး လက်နက်ကိရိယာအပြည့်အစုံ တပ်ဆင်ထားသော ရာချီသည့် ရဲများနှင့် ပြည့်နှက်နေသဖြင့် ထိုနေရာတွင် ရဲတပ်ဖွဲ့တည်ရှိနေမှုမှာ မြင်ကွင်းကို လွှမ်းမိုးကာ ခြိမ်းခြောက်နေသယောင် ရှိပါသည်။ ခန့်မှန်းခြေအားဖြင့် ၁၀၀ ခန့်သာရှိမည်ဖြစ်သော ဆန္ဒပြသူအရေအတွက်နှင့်စာလျှင် ရဲအင်အားမှာ ပိုမိုများပြားနေပြီး ဆုံရပ်နေရာတစ်ဝိုက်နှင့် တာမွေနှင့်ဗဟန်းမြို့နယ်ကြား အဓိကလမ်းဆုံရှိ Ocean ကုန်တိုက်ရှေ့မှ ယာဉ်ကြောများကိုလည်း ပိတ်ဆို့ထားပါသည်။ ဆန္ဒပြသူများကို ထိုနေရာတွင် စုဝေးခွင့်ပြုပြီး စီစဉ်ထားသည့်အတိုင်း လမ်းတစ်လျှောက် ချီတက်စေကာ အများပြည်သူအတွက် စိတ်အနှောင့်အယှက်နည်းအောင် လုပ်ဆောင်ပေးရမည့်အစား ၎င်းတို့မှ အင်အားနှင့် ဝိုင်းထားခြင်းကြောင့် ဆန္ဒပြသူများအနေဖြင့် ထိုင်သပိတ်ပြုလုပ်သောနည်းကို ရွေးချယ်ခဲ့ရပြီး ထိုနေရာကျဉ်းလေးထဲတွင်ပင် ရှိနေခဲ့ရသည်မှာ စီစဉ်သည့်အတိုင်း လှည့်လည်ချီတက်ရန် မဖြစ်နိုင်တော့သောကြောင့် လူစုခွဲရန် ရဲများနှင့် သဘောတူညီမှု ယူခဲ့ရသည့်အချိန်အထိ ဖြစ်ပါသည်။

## အမျိုးသားရေးအစွန်းရောက် တန်ပြန်ဆန္ဒပြသူများ

စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲနီးကပ်လာသောရက်များတွင် စီစဉ်စည်းရုံးသူများနှင့် လေ့လာစောင့်ကြည့်သူများသည် အမျိုးသားရေးအစွန်းရောက် ဗုဒ္ဓဘာသာအဖွဲ့အစည်း (မဘသ ဟု အတိုကောက်လူသိများသော) အမျိုး၊ ဘာသာ၊ သာသနာ စောင့်ရှောက်ရေးအသင်း[34] ၏ အဖွဲ့ဝင်များနှင့် ထောက်ခံသူများ ကဲ့သို့ အမျိုးသားရေး အစွန်းရောက်များက

---

31 Human Rights Council, "Joint report of the Special Rapporteur on the rights to freedom of peaceful assembly and of association and the Special Rapporteur on extrajudicial, summary or arbitrary executions on the proper management of assemblies," UN Doc. No. A/HRC/31/66, Art. 30 (4 February 2016).

32 See also Toe Wai Aung, "Civil Groups Question Assembly Ban," Myanmar Times (10 November 2017), https://www.mmtimes.com/news/civil-groups-question-assembly-ban.html.

33 Id. at para. 61.

34 နိုင်ငံတော် သံဃာ့ မဟာနာယက ကောင်စီက လူမျိုးနှင့် ဘာသာရေး ကာကွယ်စောင့်ရှောက်ရေးအတွက် အမျိုး၊ ဘာသာ၊ သာသနာစောင့်ရှောက်ရေးအသင်း (မဘသ) ဟူသော အမည်ကို ဆက်လက် မသုံးစွဲရန်ညွှန်ကြားခဲ့သော်လည်း ထိုအုပ်စုနှင့် အခြားအဆက်အနွယ် သို့မဟုတ် ဆက်စပ်သူအသင်းများသည် ဤနာမည်အား တွင်ကျယ်စွာ သုံးစွဲလျက်ရှိနေသေးသည်။ *See* Matthew J. Walton, "Misunderstanding Myanmar's Ma Ba Tha," Asia Times (9 June 2018), http://www.atimes.com/article/misunderstanding-myanmars-ma-ba-tha/.

စစ်တပ်ကို ထောက်ခံသော တန်ပြန်ဆန္ဒပြပွဲတစ်ခုကို ထိုနေ့ ထိုနေရာ ထိုအချိန်မှာပင်လုပ်ရန် စီစဉ်နေကြောင်း ဆိုရှယ်မီဒီယာမှတစ်ဆင့် သိရှိလာခဲ့ပါသည်။ ထို့အပြင် အမျိုးသားရေးအစွန်းရောက်များက စီစဉ်စည်းရုံးသူများကို ဆိုရှယ်မီဒီယာပေါ်တွင် အကြမ်းဖက်ခြိမ်းခြောက်မှုများပြုကာ အစိုးရအား ထိုချီတက်မှုကို တားဆီးရန် တောင်းဆိုပြီး ထိုသို့ မလုပ်ဆောင်ပါက ၎င်းတို့ကိုယ်တိုင် "တားဆီး" မည် ဖြစ်ကြောင်း ပြောဆိုခဲ့ပါသည်။

ချီတက်ကြမည့်နေ့တွင် စစ်ဆန့်ကျင်ရေးကန့်ကွက်ဆန္ဒပြပွဲအား စီစဉ်စည်းရုံးသူများသည် ဆုံရပ်နေရာသို့ နာရီများစွာ ကြိုတင်ရောက်ရှိသောအခါ ရဲများအပြင် တန်ပြန်ဆန္ဒပြသူများပါ ရောက်ရှိနေပြီး ဟိုဟိုဒီဒီ လမ်းသလားနေသလို စီစဉ်စည်းရုံးသူများရောက်လာခြင်းကို ဓါတ်ပုံ၊ ဗီဒီယိုများ ရိုက်နေသည်ကို သတိထားမိကြသည်။ ဆန္ဒပြမှုစသည်နှင့် တန်ပြန်ဆန္ဒပြသူများစွာ ထပ်ရောက်လာပြီး စစ်ဆန့်ကျင်ရေးဆန္ဒပြသူများနှင့် ထိပ်တိုက်ရင်ဆိုင်မှုများ ပြုလုပ်ခြင်း၊ ဆန္ဒပြသူများအား ခြိမ်းခြောက်၍ ရဲများအား ဆန္ဒပြသူများကို ဖမ်းဆီးရန် သို့မဟုတ် ရိုက်နှက်ရန် ပြောဆိုခြင်း အစရှိသည်တို့လုပ်ဆောင်ကာ ငြိမ်းချမ်းစွာဆန္ဒပြမှုကို ပျက်ပြားစေရန် နှောင့်ယှက်ကြပါသည်။ ထိုတန်ပြန်ဆန္ဒပြသူများက စစ်တပ်ကိုထောက်ခံသော ကြွေးကြော်သံများအော်ဟစ်ကြပြီး ငြိမ်းချမ်းစွာဆန္ဒပြသူများအား သောင်းကျန်းသူ ထောက်ခံသူများဟု စွပ်စွဲကြပါသည်။ ၎င်းတို့သည် ငြိမ်းချမ်းစွာ ဆန္ဒပြသည့်နေရာအတွင်းသို့ပါ ဝင်လာခဲ့ပြီး စစ်ဆန့်ကျင်ရေး ဆန္ဒပြသူများနှင့် ရောနှောလိုက်ကာ ရဲများမှ ဖြိုခွဲမှုပြုလုပ်စေရန် ရည်ရွယ်ချက်ဖြင့် ထိပ်တိုက်ရင်ဆိုင်မှုများ ဖန်းတီး ကြပါသည်။ အစောပိုင်းတွင် ရဲများအနေဖြင့် ငြိမ်းချမ်းစွာဆန္ဒပြသူများကို ကာကွယ်ပေးကာ တန်ပြန်ဆန္ဒပြသူများနှင့် သီးခြားခွဲထားရမည့် ၎င်းတို့၏တာဝန်များကို ဆောင်ရွက်ခြင်းမရှိဘဲ စစ်ဆန့်ကျင်ရေး ဆန္ဒပြသူများက တန်ပြန် ဆန္ဒပြသူများကို ၎င်းတို့၏ အဖွဲ့အစည်းအတွင်းမှ ဖယ်ရှားကာ မိမိဘာသာ ကြိုးစားကာကွယ်နေရသည်ကို အသာတကြည် လက်ပိုက်ကြည့်ရှုနေကြသည်။ နောက်ပိုင်းမှသာ ဆန္ဒပြသူအုပ်စု နှစ်စုအကြား စီတန်း၍ အစုနှစ်စု ခွဲခြားလိုက်ပြီး စစ်ဆန့်ကျင်ရေးဆန္ဒပြသူများအား ဝိုင်းရံပိတ်ဆို့ကာ လူစုခွဲရန် ညွှန်ကြားသော်လည်း ရဲများနောက်တွင် စုဝေးကာ ငြိမ်းချမ်းစွာဆန္ဒပြနေသော စစ်ဆန့်ကျင်ရေးဆန္ဒပြသူများကို ဆက်လက်ခြိမ်းခြောက်နေသည့် တန်ပြန်ဆန္ဒပြသူများကိုမူ လူစုခွဲရန် ပြောဆိုလုပ်ဆောင်ခဲ့ခြင်း အလျဉ်းမရှိပါ။ ထိုသို့ လူနှစ်စုအား အခိုက်အတန့် ခွဲခြားထားရုံမျှဖြင့် ငြိမ်းချမ်းစွာ ဆန္ဒပြနေသော စစ်ဆန့်ကျင်ရေးဆန္ဒပြသူများကို ကာကွယ်ပေးရန် မည်သို့မျှ လုံလောက်ခြင်း မရှိပါ။

> **" သူတို့ [တန်ပြန်ဆန္ဒပြသူတွေ] က ရဲတွေကို [ရဲများ စီတန်းရပ်နေသောလိုင်း] နောက်ကနေပြီး အော်ကြတယ်။ မီဒီယာတွေကိုလည်း သတင်း မယူနိုင်အောင် မောင်းထုတ်ကြတယ်။ သူတို့က ရဲတွေကို အမိန့်ပေးနေကြတယ်။ အဲဒါက ရဲတွေနဲ့ ပူးပေါင်း ညှိနှိုင်းဆောင်ရွက်တဲ့ ပုံစံထက် ပိုဆိုးတယ်။" - ရန်ကုန်မှ ဆန္ဒပြသူတစ်ဦး**

စစ်ဆန့်ကျင်ရေးဆန္ဒပြသူများမှ လူစုခွဲရန် သဘောတူကြသည်နှင့် တစ်ပြိုင်နက် အမျိုးသမီး ခေါင်းဆောင် ၃ ဦး အနက်မှ တစ်ဦးက အသံချဲ့စက်ကို အသုံးပြု၍ ဆန္ဒပြပွဲကိုအဆုံးသတ်ပြီး လူစုခွဲကာ အိမ်ပြန်ကြမည်ဖြစ်ကြောင်း ကြေညာခဲ့ပါသည်။ စစ်ဆန့်ကျင်ရေးဆန္ဒပြသူများက ထိုင်သပိတ်လုပ်နေရာမှ လူစုခွဲကာ ရဲများစီတန်းရပ်နေသော လိုင်းမှ ဖြတ်၍ ပြန်ကြမည့်အချိန်တွင် ရဲများက ဆန္ဒပြသူအချို့ကို စတင်ရိုက်နှက်ဖမ်းဆီးပါသည်။ အမျိုးသားရေးအစွန်းရောက်များကလည်း ငြိမ်းချမ်းစွာဆန္ဒပြသူများကို ရိုက်နှက်ခြင်း၊ ဖမ်းဆီးခြင်းများကိုပါ ပြုလုပ်လာပါသည်။ ဆန္ဒပြသူများကို ရိုက်နှက်၊ ဖမ်းဆီးနေသော တန်ပြန်ဆန္ဒပြသူများကို ရဲများအနေဖြင့် မည်သည့်တားဆီးမှုမျိုးမှ မလုပ်ဆောင်သည့်အပြင် ဖြစ်ရပ်တစ်ခုတွင် တန်ပြန်ဆန္ဒပြသူများ၏ ညွှန်ကြားမှုအပေါ် အခြေခံ၍ ဆန္ဒပြသူတစ်ဦးကိုပင် ဖမ်းဆီးခဲ့သေးသည်။ [ဘက်လိုက်ခြင်းနှင့် တပြေးညီမဖြစ်သော အရေးယူလိုက်နာစေခြင်း ခေါင်းစဉ်အောက်တွင် ကြည့်ပါ။]

ဆန္ဒပြသူများအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ သို့မဟုတ် တန်ပြန်ဆန္ဒပြသူများ၏ တိုက်ခိုက်မှုဖြစ်ရန် အလားအလာများကို ဆိုရှယ်မီဒီယာများတွင် လူသိရှင်ကြားဖြန့်ဖြူးထားသော ခြိမ်းခြောက်မှုများတွင် ထင်ရှားစွာ တွေ့ရှိရပါသည်။ ဤအခြေအနေကိုကြည့်ပါက ရဲများအနေဖြင့် ထိုကဲ့သို့သောအကြမ်းဖက်မှုများကို ကာကွယ်ရန်



ရန်ကုန်မြို့ စစ်ပွဲဆန့်ကျင်ရေးငြိမ်းချမ်းစွာဆန္ဒပြသူတစ်ဦးအားတန်ပြန်ဆန္ဒပြသူများနှင့်ရဲများမှဖမ်းဆီးနေစဉ်၊ ၂၀၁၈ခုနှစ်မေလ၁၂ရက်နေ့(ဓာတ်ပုံ - Victoria Milko)

ကြားနေပုံစံအနေဖြင့် ဆန္ဒပြမှုများကို စီမံခန့်ခွဲရန်နှင့် ငြိမ်းချမ်းစွာဆန္ဒပြသူများအားလုံးကို အကာအကွယ်ပေးရန် တာဝန်ရှိပါသည်။ လွတ်လပ်စွာ စုဝေးခွင့်အတွက် အကောင်းဆုံးကျင့်သုံးမှု နမူနာများက ဖော်ပြသည်မှာ "စုဝေးမှုတစ်ခု၏ သတင်းစကားအကြောင်းအရာများအပေါ် သဘောမတူကြောင်း သတင်းစကားဖော်ပြလိုပါက တန်ပြန်ဆန္ဒထုတ်ဖော်ခြင်း များ လုပ်ဆောင်ခွင့်ရှိသည်။ သို့သော်လည်း တစ်ဖက်စုဝေးမှုတွင် ပါဝင်သူများ၏ လွတ်လပ်စွာ စုဝေးခွင့်အား ပိတ်ပင်တားမြစ်ပိုင်ခွင့် မရှိပါ။ ဤအမြင်အရ ဥပဒေကို အရေးယူလိုက်နာစေရန် ဆောင်ရွက်ရသော အာဏာပိုင်များမှ ထိုဖြစ်ရပ်များကို အကာအကွယ်ပေးရန်နှင့် ပံ့ပိုးစီစဉ်ပေးရန် မည်သို့လုပ်ဆောင်မည်ဟူသော အခန်း ကဏ္ဍသည် အလွန် အရေးပါ ပါသည်။"[35]

ရဲများအနေဖြင့် လုံခြုံရေးကို ပံ့ပိုးစီစဉ်ပေးရန် တက်တက်ကြွကြွပြင်ဆင်ဆောင်ရွက်ရမည့်အစား အမျိုးသားရေး အစွန်းရောက်သမားများက ပြုလုပ်လာသော ခြိမ်းခြောက်မှုများကို လျှော့ချရန် မည်သည့်ဆောင်ရွက်မှုကိုမျှ မလုပ်ခဲ့ဘဲ စစ်ဆန့်ကျင်ရေးဆန္ဒပြမှုကို လူစုခွဲရန်သာ ပိုမိုအာရုံ စိုက်ခဲ့ပါသည်။ စစ်ဆန့်ကျင်ရေးဆန္ဒပြသူများနှင့် တန်ပြန်ဆန္ဒပြသူ အမျိုးသားရေးအစွန်းရောက်သမားများအကြား ထိပ်တိုက်ရင်ဆိုင်မှုများ ဖြစ်မည်ကို စိုးရိမ်စိတ်ကြောင့် စစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲများ ပိတ်ပင်လိုက်ရန်ကိုပင် ရန်ကုန်တိုင်းဝန်ကြီးချုပ်မှ ရဲများအား ညွှန်ကြားခဲ့သည်ဟူသော ကောလဟာလများ ရှိကြောင်း အချို့သောတွေ့ဆုံမေးမြန်းခဲ့ရသူများမှ ပြောကြပါသည်။ ထိုကောလဟာလများ မှန်စေကာမူ တန်ပြန် ဆန္ဒပြသူများ၏ ခြိမ်းခြောက်မှုများကြောင့် ငြိမ်းချမ်းစွာဆန္ဒပြမှုတစ်ရပ်ကို မပိတ်ပင်သင့်ဘဲ တန်ပြန်ဆန္ဒပြသူများ၏ ပစ်မှတ်ဖြစ်သော ငြိမ်းချမ်းစွာဆန္ဒပြသူများကို ကာကွယ်ပေးကာ ကိုယ်ထိလက်ရောက်အကြမ်းဖက်ရန် လှုံ့ဆော်ခြင်း အပါအဝင် ငြိမ်းချမ်းစွာဆန္ဒပြသူများအပေါ် တွင် ရာဇဝတ်မှုများကျူးလွန်ခဲ့သော တန်ပြန်ဆန္ဒပြသူများအား ဖမ်းဆီးခြင်း၊ လိုအပ်ပါက ၎င်းတို့၏လုံခြုံရေးအတွက် စီစဉ်မှုများပြုနိုင်ရန် ဆန္ဒပြပွဲစီစဉ်စည်းရုံးသူများနှင့် စေ့စပ်ညှိနှိုင်းခြင်းတို့ ပါဝင် သော ငြိမ်းချမ်းစွာဆန္ဒပြသူများအတွက် ကာကွယ်မှုများ ပြုလုပ်ရမည်ဖြစ်သည်။

35 Special Rapporteur on the Rights to Freedom of Peaceful Assembly and of Association, "Report of the Special Rapporteur on the rights to freedom of peaceful assembly and of association," Human Rights Council UN Doc. No. A/HRC/20/27, para. 30 (21 May 2012). UN Doc. No. A/HRC/20/27, para. 30 (21 May 2012).

# ဘက်လိုက်ခြင်းနှင့် တပြေးညီမဖြစ်သော အရေးယူလိုက်နာစေခြင်း

ရန်ကုန်၌ မေလ ၁၂ ရက်နေ့တွင် ဖြစ်ပွားခဲ့သော ငြိမ်းချမ်းစွာဆန္ဒပြပွဲနှင့်ပတ်သက်၍ အာဏာပိုင်များအနေဖြင့် ဥပဒေကို အဓိပ္ပါယ်ဖွင့်ဆိုခြင်းနှင့် အရေးယူလိုက်နာစေခြင်းတွင် ဘက်လိုက်ပြီး တပြေးညီမဖြစ်မှု နှစ်ခု ရှိခဲ့ပါသည်။ ပထမတစ်ခုမှာ အသိပေးအကြောင်းကြားမှုပြုလုပ်ချိန်တွင် ဆန္ဒပြပွဲတွင် အသုံးပြုမည့် ကြွေးကြော်သံများနှင့် တောင်းဆိုမှုများတွင် ပါဝင်သောအကြောင်းအရာများအပေါ် အခြေခံကာ ပြီးခဲ့သည့်ဆန္ဒပြပွဲများနှင့် မတူညီသော ကိုင်တွယ်မှုများကို ရဲတပ်ဖွဲ့ဝင်များအနေဖြင့် လုပ်ဆောင်ခဲ့ပါသည်။ ငြိမ်းစုစီဥပဒေ ပြင်ဆင်ချက်များအပေါ် ဆန့်ကျင်ကန့်ကွက်မှု၊ စစ်တပ်အား ထောက်ခံကြောင်းပြသမှု အစရှိသည်တို့အပါအဝင် ရန်ကုန်တွင်ဖြစ်ခဲ့သော အခြားငြိမ်းချမ်းစွာ ဆန္ဒပြမှုများကို ကြန့်ကြာမှုမရှိဘဲ ခွင့်ပြုခဲ့ချိန်တွင် ဤစစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲကိုမူ ရဲအင်အားအလုံးအရင်း အသုံးပြု၍ ပိတ်ပင်ခဲ့ပါသည်။ ဒုတိယအချက်အနေဖြင့် ဆန္ဒပြပွဲပြုလုပ်သောနေ့တွင်နှင့် နောက်ပိုင်းတရားစွဲဆိုခြင်းများတွင် ရဲများမှ ဆန္ဒပြပွဲကို စီစဉ်စည်းရုံးသူများ သို့မဟုတ် ဆန္ဒပြပွဲတွင် ဥပဒေချိုးဖောက်သူများအား ဖမ်းဆီး တရားစွဲဆိုခြင်းမျိုးမဟုတ်ဘဲ ဆန္ဒပြပွဲခေါင်းဆောင် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ သို့မဟုတ် ဥပဒေတစ်ခုခုကို ချိုးဖောက်သည် ဖြစ်စေ၊ မချိုးဖောက်သည်ဖြစ်စေ ဟုတ်တိုင်းမှန်ရာ ပွင့်လင်းစွာဝေဖန်ထောက်ပြ ပြောဆိုလေ့ရှိသော တက်ကြွလှုပ်ရှားသူလူငယ်အများစုကိုသာ ဖမ်းဆီးတရားစွဲဆိုခြင်း ဖြစ်သည်။ ရဲများ၏ လုပ်ဆောင်မှုသည် စစ်ဆန့်ကျင်ရေးလှုပ်ရှားမှု ကြီးထွားလာမည်ကို တားဆီးရန်နှင့် ကျယ်ပြန့်သော လူ့အခွင့်အရေးလှုပ်ရှားမှုများ လုပ်ဆောင်သဖြင့် ၎င်းတို့ "မလိုလားသော" တက်ကြွလှုပ်ရှားသူများနှင့် လူ့အခွင့်အရေးကာကွယ် စောင့်ရှောက်သူများကို ပြစ်ဒဏ်ပေးရန် ကြိုးစားချက်တစ်ရပ် ဖြစ်သည်ဟု တွေ့ဆုံမေးမြန်းခဲ့သူ အားလုံးမှ အဓိပ္ပါယ်ဖွင့်ကြပါသည်။

အသိပေးအကြောင်းကြားချက်များ တင်သွင်းချိန်တွင်သော်လည်းကောင်း၊ အဖမ်းခံရပြီး မေးခွန်းများ အမေးခံရ ချိန်တွင်သော်လည်းကောင်း ငြိမ်းချမ်းစွာဆန္ဒပြမှု လုပ်ရခြင်း၏ အရင်းခံအကြောင်းများအပေါ် ရဲများက မေးခွန်းများစွာ ထုတ်ခဲ့ကြကြောင်း ဖမ်းဆီးခံရသည့် စီစဉ်စည်းရုံးသူများနှင့် ပါဝင်သူများက ဆိုပါသည်။ ဆန္ဒပြသူများ၏ စစ်ရပ်စဲရန် တောင်းဆိုမှုအပေါ် ရဲများအနေဖြင့် ယေဘုယျအားဖြင့် ပိုမိုအနှောင့်အယှက်ဖြစ်ဟန်ပေါ်ပြီး တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအင်အားစုများကိုသာ ဆန့်ကျင်ဆန္ဒပြသင့်ကြောင်း ရဲများက ၎င်းတို့အား ပြောပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တွေ့ဆုံဆွေးနွေးမှုများကို အနှောင့်အယှက်ဖြစ်စေနိုင်သောကြောင့် ၎င်းတို့အနေဖြင့် ဆန္ဒမပြသင့်ကြောင်းကိုပါ အချို့သောရဲများက ထင်မြင်ချက် ပေးကြပါသေးသည်။

> **"မင်းတို့ကြွေးကြော်သံထဲမှာ ဘာဖြစ်လို့ နှစ်ဘက်စလုံးကို စစ်ရပ်နိုင်းဖို့ မပြောရတာလဲ၊ ဘာလို့ နှစ်ဘက်စလုံးကို မပြောရတာလဲလို့ ရဲအရာရှိက ကျနော့်ကို မေးတယ်။ ကျနော်တို့က ကချင်လွတ်မြောက်ရေးအဖွဲ့ [KIO] ဘက်ကို မျက်နှာလိုက်ပြီး တပ်မတော်ကို ပုံရိပ်ကျအောင် လုပ်နေတယ်လို့ သူတို့ကထင်နေတာ" - ရန်ကုန်မှ ဆန္ဒပြသူတစ်ဦး**

ဆန္ဒပြမှုကိုတားဆီးရန်နှင့် ဆန္ဒပြသူများကို တရားစွဲဆိုရာတွင် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် သုံးနေခဲ့သော အကြောင်းပြချက်မှာ အပေါ်ယံတွင် ကြားနေသည်ဟု ထင်ရနိုင်ပါသည်။ မြို့နယ် ၁၁ မြို့နယ်တွင် ဆန္ဒပြပွဲများကို ပိတ်ပင်ထားသဖြင့် ဆန္ဒပြမှုများနှင့်သက်ဆိုင်သည့် ဒေသန္တရအမိန့်များကို ဆန္ဒပြသူများအနေဖြင့် ချိုးဖောက်ရာ ရောက်သည့်အတွက် ဆန္ဒပြပွဲများကို ခွင့်ပြု၍မရဟု ရဲများကဆိုသည်။ ရဲများအနေဖြင့် ဥပဒေပုဒ်မများကို တိတိကျကျ ရည်ညွှန်းခြင်းမရှိသော်လည်း စုဝေးမှုစီစဉ်စည်းရုံးသူများအနေဖြင့် အထက်တွင်ရှင်းပြခဲ့သည့်အတိုင်း ဒေသန္တရ အာဏာပိုင်များက ထုတ်ပြန်ထားသောစည်းမျဉ်းများ၊ ၎င်းတို့နှင့် ညှိနှိုင်းထားသော သဘောတူညီချက်များကို လိုက်နာရန် လိုအပ်သည်ဟု ပြဋ္ဌာန်းထားသည့် ပုဒ်မ ၁၀ (ဎ) ကို အသုံးချသည်ဟု ယူဆနိုင်ပါသည်။ ကြားနေမှုရှိကြောင်း သိသာပေါ်လွင်စေရန် ဤသို့ ကြိုးစားဖော်ပြနေသော်ငြားလည်း ထိုမြို့နယ်များရှိ ရဲတပ်ဖွဲ့ဝင်များသည် စစ်တပ်ကို ထောက်ခံသော၊ စစ်တပ်နှင့်သက်ဆိုင်ခြင်းမရှိသည့် အစိုးရမူဝါဒတစ်ရပ်ရပ်ကို ဆန့်ကျင်သော စုဝေးမှုများပါဝင်သည့်

အခြားဆန္ဒပြမှုများကို မကြာသေးခင်ကပင် ခွင့်ပြုခဲ့ပါသေးသည်။ ဤစစ်ဆန့်ကျင်ရေး ကန့်ကွက်ဆန္ဒပြမှုကို ပစ်မှတ်ထားရခြင်းသည် ၎င်း၏သတင်းစကားတွင် စစ်တပ်၏ ပုံရိပ်ကိစ္စပါဝင်နေသောကြောင့်ဖြစ်ပြီး ဥပဒေကိုလိုက်နာမှုမရှိခြင်းကြောင့် မဟုတ်ကြောင်း ရဲများ၏ ဥပဒေလိုက်နာဆောင်ရွက်စေပုံ ကွဲပြားခြားနားခြင်းနှင့် ၎င်းတို့၏ ထင်မြင်ချက်များမှတစ်ဆင့် သိရှိနိုင်ပါသည်။

> **”တကယ်လို့ ၁၁ မြို့နယ်မှာ ကန့်ကွက်ဆန္ဒပြပွဲတွေ၊ ဆန္ဒထုတ်ဖော်ပွဲတွေ ပိတ်ထားတယ်ဆိုရင် မဘာသတွေက လုပ်တဲ့ဆန္ဒပြပွဲတွေနဲ့ ဒေါ်ညိုညိုသင်းဦးဆောင်တဲ့ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ဆန္ဒပြပွဲတွေကျတော့ရော ဘယ်လိုလုပ်မလဲ…။ ဥပဒေကို လူတစ်ဦးတစ်ယောက် ဒါမှမဟုတ် အဖွဲ့အစည်းတစ်ခုခုရဲ့ အကျိုးအမြတ်အတွက် အသုံးမချသင့်ဘူး။ လူတိုင်းက ကိုယ့်အကျိုးအမြတ်အတွက်ပဲ ကြည့်ကြရင် ဘယ်လိုလုပ် ငြိမ်းချမ်းရေး ရတော့မှာလဲ။” - ရန်ကုန်မှ ဆန္ဒပြသူတစ်ဦး**

ဥပဒေကို အရေးယူလိုက်နာစေရန် လုပ်ဆောင်ရာတွင် တပြေးညီ မဖြစ်သည့် ဒုတိယပုံစံတစ်ခုကို ဖမ်းဆီးတရားစွဲဆိုခံရသူများ၏ အခြေအနေကိုကြည့်ပါက သိသာထင်ရှားပါသည်။ ပထမအနေဖြင့် ငြိမ်းချမ်းစွာဆန္ဒပြပွဲတစ်လျှောက်လုံးတွင် ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးမှူးများနှင့် ရှည်လျားကြာမြင့်စွာ စကားပြောဆိုခဲ့ရသဖြင့် ရဲများနှင့် သိထားပြီးသားဖြစ်သည့် ဦးဆောင်စီစဉ်သူများမှာ ငြိမ်းချမ်းစွာဆန္ဒပြပွဲအတွင်း ဖမ်းဆီးမခံခဲ့ရပါ။ ဖမ်းဆီးမှုတစ်ခုချင်းအတွက် မည်သူကိုဖမ်းမည်ဟု ရဲများမှ မည်သို့ရွေးချယ်သည်မှာ မရှင်းလင်းသော်ငြားလည်း အထက်တွင်ဖော်ပြခဲ့သောဖြစ်ရပ်များတွင် တန်ပြန်ဆန္ဒပြသူများက မည်သူကိုဖမ်းဆီးရမည်ဟု အချက်ပြမှုများရှိခဲ့သည်။ အခြားဖြစ်ရပ်များတွင် ခွဲခြားဆက်ဆံမှုပပျောက်ရေး သို့မဟုတ် အမုန်းစကားဆန့်ကျင်ရေး လုပ်ဆောင်မှုများကြောင့် ရဲများက သိရှိနေပြီးသူများမှာ ပိုမိုပစ်မှတ်အထားခံခဲ့ရပြီး ငြိမ်းချမ်းစွာကန့်ကွက်ဆန္ဒပြမှုများကို ဦးဆောင်မှုကဏ္ဍတွင် ပါဝင်သော်လည်း လူသိနည်းသောသူများမှာ အဖမ်းမခံခဲ့ရပါ။ နောက်ပိုင်းတွင် တရားစွဲဆိုခြင်းခံရသူများ စာရင်းအား ရဲများက ထုတ်ပြန်သောအခါ ဆန္ဒပြပွဲတွင်ပါဝင်သည့် ဟုတ်တိုင်းမှန်ရာ ပွင့်လင်းစွာဝေဖန်ထောက်ပြပြောဆိုလေ့ရှိသူ တက်ကြွလှုပ်ရှားသူ လူငယ်အများစုပါဝင်နေပြီး အချို့မှာ စီစဉ်စည်းရုံးမှုတွင် ဦးဆောင်သည့်အခန်းကဏ္ဍတွင် ပါဝင်ကြသူများ မဟုတ်ကြောင်း တက်ကြွလှုပ်ရှားသူများက သတိပြုမိခဲ့ကြသည်။ ကန့်ကွက်ဆန္ဒပြချိန်တွင် အဖမ်းခံခဲ့ရသူ တစ်ဦးသည် နောက်ပိုင်းတွင် ပြန်လွှတ်ပေးခြင်းခံရပြီး ၎င်းတွင် အရပ်ဘက်လူထုအဖွဲ့အစည်းဆိုင်ရာ သို့မဟုတ် တက်ကြွလှုပ်ရှားမှုဆိုင်ရာ နောက်ခံသမိုင်းကြောင်းမရှိမှုကို တွေ့ရှိရသဖြင့် တရားစွဲဆိုမှုပင် မခံခဲ့ရပါ။ အချို့သော ဥပဒေချိုးဖောက်မှု အခြေအနေများကို မတုံ့ပြန်ရန် သို့မဟုတ် ဆန္ဒပြပွဲစီစဉ်စည်းရုံးမှုများသက်သက်အတွက် တာဝန်ရှိသော သူများကို ပစ်မှတ်မထားဘဲ လူငယ်များအနေဖြင့် တက်ကြွလှုပ်ရှားမှုများတွင် မပါဝင်စေရန်၊ စောင့်ကြည့် သည့်စာရင်းတွင်ရှိနေသော တက်ကြွလှုပ်ရှားသူများကို ပစ်မှတ်ထားရန် ရည်ရွယ်ချက်အား ထိုသို့ ရှေ့နောက် မညီမှုများတွင် မြင်တွေ့ရကြောင်း တွေ့ဆုံမေးမြန်းခဲ့သူအားလုံးမှ ခံစားခဲ့ကြရသည်။

> **” [မေလ ၁၂ ရက်နေ့မှာ အဖမ်းခံရတဲ့ ၉ ယောက်က] မတူညီတဲ့အဖွဲ့အစည်းတွေက လာကြတာ၊ တချို့က သွေးစည်းညီညွတ်မှုကို ပြရုံသက်သက်ပဲ၊ တချို့ကဆို သိပ်သိတာတောင်မဟုတ်ဘူး။ ဒါပေမယ့် တော်တော်များများက အတွေ့အကြုံရှိတဲ့ တက်ကြွလှုပ်ရှားသူတွေဖြစ်တယ်။ သူတို့ထဲက တချို့က လူထုငြိမ်းချမ်းရေးလှုပ်ရှားမှုထဲကလူတွေ၊ ဒါပေမယ့် တစ်ယောက်က ဘယ်အရပ်ဘက် အဖွဲ့အစည်းနဲ့မှ မပတ်သက်ဘဲ ရောက်လာတာ။**

**အဲဒီတော့ ကျန်တဲ့လူတွေ ၂၄ နာရီ ကြာအောင် အဖမ်းခံရတဲ့အချိန်မှာ သူ့ကိုတော့ အဲဒီနေ့ ညနေမှာပဲ လွှတ်ပေးလိုက်တယ်။" - ရန်ကုန်ဆန္ဒပြပွဲ စီစဉ်စည်းရုံးသူတစ်ဦး**

အထက်တွင် ရှင်းပြခဲ့သောဖြစ်ရပ်တွင် တန်ပြန်ဆန္ဒပြသူများက အဓမ္မဆန့်ကျင်ရေးကော်မတီကို ဖွဲ့စည်းကာ မဘသ ဦးဆောင်သူများကို တရားစွဲဆိုမှုများ ပြုလုပ်ထားသည့် ကိုမြတ်ကျော်ကို ရွေးချယ်ခဲ့ခြင်း ဖြစ်ပါသည်။ မျက်မြင်သက်သေအများအပြား၏ ထွက်ဆိုချက်အရ ၎င်းသည် ငြိမ်းချမ်းစွာဆန္ဒပြသည့်နေရာမှ ထွက်ခွာ၍ လမ်းကို ဖြတ်ကူးနေစဉ် တန်ပြန်ဆန္ဒပြသူများ ရောက်ရှိလာကာ အတင်းအကျပ် ဖမ်းဆီးခဲ့သည်။ ထို့နောက် ၎င်းတို့က လမ်းကို ဖြတ်ကျော်၍ ကိုမြတ်ကျော်အား ရဲများထံ ဆွဲခေါ်သွားပြီး ရဲကားထဲ ထည့်သွင်းသည်အထိ ရဲများက ဝိုင်းထားခဲ့ကြပြီး ကိုမြတ်ကျော် ရဲကားထဲရောက်မှ ဖမ်းဆီးခဲ့ခြင်းဖြစ်ပါသည်။ မဘသအား ဆန့်ကျင်သည့်လုပ်ရပ်များကြောင့် ကိုမြတ်ကျော် ပစ်မှတ်အထား ခံရသည်ဟု တွေ့ဆုံမေးမြန်းခဲ့သော စီစဉ်စည်းရုံးသူများနှင့် ဆန္ဒပြသူများအားလုံးက ယုံကြည်ကြပါသည်။ အချို့သောသူများမှာလည်း တန်ပြန်ဆန္ဒပြသူများမှ တစ်ဦးချင်း ပစ်မှတ်ထားခံရသူများဖြစ်ပြီး ဆန္ဒပြပွဲ စီစဉ်စည်းရုံးမှုတွင် အမှန်တကယ်ပါဝင်ခဲ့ခြင်း မရှိသော်လည်း ထိုသူများမှာ စီစဉ်စည်းရုံးသူများဖြစ်ကြောင်း တန်ပြန်ဆန္ဒပြသူများက ရဲများအား အကြောင်းကြား ဖမ်းဆီးခိုင်းခဲ့ကြသည်။

# စီစဉ်စည်းရုံးသူအမျိုးသမီးများနှင့် ဆန္ဒပြသူများ

မြစ်ကြီးနားနှင့် ရန်ကုန် နှစ်မြို့စလုံးတွင် လူငယ်အမျိုးသမီးများသည် ငြိမ်းချမ်းစွာဆန္ဒပြပွဲ စီစဉ်စည်းရုံးရာနှင့် အကောင်အထည်ဖော်ရာတွင် အရေးပါသောကဏ္ဍမှ ပါဝင်ခဲ့ကြသည်။ မြစ်ကြီးနားတွင် ထင်ရှားသောခေါင်းဆောင် နှစ်ဦးအနက် တစ်ဦးမှာ လူငယ်အမျိုးသမီးဖြစ်ပြီး အရံခေါင်းဆောင် နှစ်ဦးရွေးချယ်ထားသည့်အနက် တစ်ဦးမှာလည်း လူငယ်အမျိုးသမီးပင် ဖြစ်ပါသည်။ ရန်ကုန်မြို့တွင် ဦးဆောင်စီစဉ်စည်းရုံးသူ ၃ ဦးမှာ လူငယ်အမျိုးသမီးများ ဖြစ်သည်။ နှစ်မြို့စလုံး၏ လှုပ်ရှားမှုများတွင် အမျိုးသမီးအများအပြားမှာ စီစဉ်ခြင်းနှင့် ဦးဆောင်ခြင်းတို့တွင် တက်ကြွစွာ ပါဝင်ခဲ့ကြသည်။အာဏာပိုင်များနှင့်အမျိုးသားရေးအစွန်းရောက်များက လူကိုယ်တိုင်သော်လည်းကောင်း၊ဆိုရှယ်မီဒီယာ များမှလည်းကောင်း ပုဂ္ဂိုလ်ရေး စော်ကားမှုများအပါအဝင် လိင်ကွဲပြားမှုအပေါ်အခြေခံသည့် ထပ်ဆင့်စိန်ခေါ်မှုများ ကြုံတွေ့ရသော်လည်း ယင်းအမျိုးသမီးများသည် ခေါင်းဆောင်မှုကဏ္ဍကို ရယူခဲ့ကြသည်။ သို့ရာတွင် အမျိုးသမီး ခေါင်းဆောင်များသည် ၎င်းတို့၏ရည်မှန်းချက်များ ရရှိနိုင်ရန် ရဲများအနေဖြင့် မီဒီယာရှေ့မှောက်တွင် လက်နက်မဲ့ အမျိုးသမီးများကို အကြမ်းဖက်ရန် ပိုမိုတွန့်ဆုတ်လိမ့်မည်ဟူသော ယူဆချက်အရ ၎င်းတို့၏ ယောကျ်ားလေး လုပ်ဖော်ကိုင်ဖက်များနှင့် ရဲများအကြား အတားအဆီးတစ်ခုအဖြစ် ဝင်ရောက်ရပ်တည်ခြင်းဖြင့် လုံခြုံရေးပေးခြင်းမျိုး အပါအဝင် ၎င်းတို့၏အခန်းကဏ္ဍနှင့် လူ့အဖွဲ့စည်းက ၎င်းတို့အပေါ်ထားရှိသော မျှော်လင့်ချက်များကိုလည်း အသုံးပြု ခဲ့ကြသည်။ ၎င်းတို့၏ ကိုယ်ပိုင်အကျိုးစီးပွားအတွက် လူမှုရေးမျှော်လင့်ချက်များကို အသုံးပြုရန် ကြိုးပမ်းအားထုတ်မှု များသည် အစဉ်အမြဲ အောင်မြင်မှုမရှိဘဲ၊ လိင်ကွဲပြားမှုအခြေခံအပေါ် လူမှုရေးမျှော်လင့်ချက်များသည် ဤအမျိုးသမီး ခေါင်းဆောင်များနှင့် ၎င်းတို့၏ ဦးဆောင်ရန် ကြိုးပမ်းချက်များကို အနုတ်လက္ခဏာဆောင်သော သက်ရောက်မှုများကို ရင်ဆိုင်နေရဆဲဖြစ်သည်။

မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးထားသော အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများအားလုံး ပပျောက်ရေး သဘောတူစာချုပ် (CEDAW) အပါအဝင် နိုင်ငံတကာ လူ့အခွင့်အရေးသဘောတူစာချုပ်များတွင် ခွဲခြား ဆက်ဆံခံရခြင်းမှ ကာကွယ်ပေးမှုရရှိရန် အမျိုးသမီးများ၏အခွင့်အရေးနှင့် လူမှုနှင့်နိုင်ငံရေးဘဝများတွင် ပါဝင်ခွင့်အား အမျိုးသမီများ တန်းတူညီမျှခံစားနိုင်စေရန် ပြဋ္ဌာန်းထားပါသည်။[36] ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် (UN-SCR) အမှတ် ၁၃၂၅ ကဲ့သို့သော နိုင်ငံတကာသဘောတူညီချက်များ ရှိသော်လည်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် အမျိုးသမီးများ၏ပါဝင်ခွင့် မကြာခဏပင် ငြင်းပယ်ခံရသည့်အခါ ငြိမ်းချမ်းစွာစုဝေးခြင်းအား ငြိမ်းချမ်းရေးလုပ်ငန်းစဉ် များတွင် ပါဝင်ဆောင်ရွက်သည့် ပုံစံတစ်ခုအဖြစ် အသုံးပြုကြသည်။ လွတ်လွတ်လပ်လပ် ငြိမ်းချမ်းစွာစုဝေးခွင့်ဆိုင်ရာ ၎င်းတို့၏အခွင့်အရေးအား ညီမျှစွာကျင့်သုံးခွင့်ရစေရန် အမျိုးသမီးများ၏အခွင့်အရေးများ ကာကွယ်ခြင်းသည် နိုင်ငံရေးတွင် အမျိုးသမီးများ၏တန်းတူပါဝင်ခွင့်ကို အာမခံနိုင်မည့် အရေးကြီးသောနည်းလမ်း ဖြစ်သည်။

သို့ရာတွင် ငြိမ်းချမ်းစွာစုဝေးခြင်းမှတစ်ဆင့် လူမှုရေးနှင့် ယဉ်ကျေးမှုစံချိန်စံညွှန်းများကို စိန်ခေါ်ရသည့်အခါ အမျိုးသမီး လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများသည် ခြိမ်းခြောက်မှုနှင့် ဝေလေ့ထုံးတမ်းများ၏

36 အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများအားလုံး ပပျောက်ရေး သဘာတူစာချုပ်၊ ပုဒ်မ ၇(က)၊ (18 December 1979), http://www.ohchr.org/Documents/ProfessionalInterest/cedaw.pdf.

ဘေးအန္တရာယ်ကို ပိုမိုကြုံတွေ့ကြရသည်။[37] ငြိမ်းချမ်းစွာစုဝေးမှုကို ဦးဆောင်ရာတွင် မကြာခဏပင် လက်တွေ့ကြုံရသည့်အချက်မှာ လူ့အဖွဲ့အစည်းတွင် အမျိုးသမီးများကို မိသားစုနှင့် အိမ်မှုကိစ္စ အလုပ်များကိုသာ စူးစိုက်လုပ်ကိုင်စေပြီး နိုင်ငံရေးတွင် မပါဝင်ရန် မျှော်လင့်ထားကြသည့် အမျိုးသမီး၏ အခန်းကဏ္ဍဆိုင်ရာ လူမှုရေးနှင့် ယဉ်ကျေးမှုစံချိန်စံညွှန်းများကို စိန်ခေါ်ရခြင်းပင် ဖြစ်သည့်အတွက် လူပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် ဆိုရှယ်မီဒီယာမှ အမျိုးသမီးခေါင်းဆောင်များနှင့် ငြိမ်းချမ်းစွာစုဝေးမှုတွင် ပါဝင်သူများအပေါ် ခြိမ်းခြောက်မှုများကို ရပ်တန့်စေရန် အစိုးရက အထူးအရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ပေးရန် လိုအပ်ပါသည်။[38] အမျိုးသမီးများသည် တိုင်းရင်းသား သို့မဟုတ် ဘာသာရေးလူနည်းစုဝင်များ ဖြစ်နေသည့်အခါ သို့မဟုတ် အထူး ဘေးအန္တရာယ်များသည့် ပဋိပက္ခဒေသများတွင် ၎င်းတို့ အလုပ်လုပ်နေရသည့်အခါ ငြိမ်းချမ်းစွာစုဝေးခွင့်ကို ကျင့်သုံးမှုကြောင့်တိုက်ခိုက်မှုများ ခံရနိုင်သည့်အခြေအနေကလည်း ပိုမိုမြင့်တက်လာသည်။[39] ငြိမ်းချမ်းစွာစုဝေးခွင့်အား ပံ့ပိုးရန်နှင့် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုများကို ဖယ်ရှားရန် အပြုသဘောဆောင်သည့် သင့်လျော်သော အရေးယူဆောင်ရွက်မှုများလုပ်ဆောင်ရန် မြန်မာအစိုးရတွင် တာဝန်ရှိသည်။ ယင်းတာဝန်သည် ရဲများက အမျိုးသမီးများကို သတိပေးခြင်းနှင့် ငြိမ်းချမ်းစွာစုဝေးမှုများကို ပံ့ပိုးကူညီပေးသည့် အခြေအနေတွင် အမျိုးသမီးများကို တန်းတူဆက်ဆံရေး အာမခံရန်သာမက မြန်မာအစိုးရအနေဖြင့် ငြိမ်းချမ်းစွာစုဝေးမှုများတွင် ပါဝင်သူများကို ကာကွယ် ပေးရန် ကျား-မ တန်းတူရေးအမြင်ဖြင့် ချဉ်းကပ်ရန် လိုအပ်သည်။ ယင်းချဉ်းကပ်မှုသည် ငြိမ်းချမ်းစွာစုဝေးသော အမျိုးသမီးစီစဉ်စည်းရုံးသူများကို အမျိုးသားရေးအစွန်းရောက်များက နှောင့်ယှက်စော်ကားမှု၏ အဓိကအစိတ်အပိုင်းဖြစ်သည့် ဆိုရှယ်မီဒီယာပေါ်တွင် ခြိမ်းခြောက်မှုများနှင့် စော်ကားမှုများရန်မှ အကာအကွယ်ပေးခြင်းလည်း ပါဝင်ရမည်။

## ပုဂ္ဂိုလ်ရေးဆိုင်ရာ ထိပါးနှောင့်ယှက်မှု

မြစ်ကြီးနားနှင့် ရန်ကုန်မြို့များတွင် ငြိမ်းချမ်းစွာစုဝေးမှု စီစဉ်စည်းရုံးသူအမျိုးသမီးများနှင့် တက်ကြွလှုပ်ရှား ပူးပေါင်းပါဝင်သူ အမျိုးသမီးများသည် လူကိုယ်တိုင်မှဖြစ်စေ၊ အွန်လိုင်းမှဖြစ်စေ အာဏာပိုင်များနှင့် အမျိုးသားရေး အစွန်းရောက်များ၏ ပုဂ္ဂိုလ်ရေးနှောင့်ယှက်စော်ကားမှုများကို ၎င်းတို့၏ လုပ်ဖော်ကိုင်ဖက် အမျိုးသားများထက် ပို၍ ရင်ဆိုင်ကြရသည်။ ရဲများက ၎င်းတို့ မိသားစုများအကြောင်းနှင့် ၎င်းတို့၏ တက်ကြွလှုပ်ရှားမှုများအပေါ် မိဘများက မည်သို့မြင်သည်တို့အပါအဝင် ပုဂ္ဂိုလ်ရေးဆိုင်ရာမေးခွန်းများ မေးမြန်းခဲ့ပြီး နိုင်ငံရေးကိစ္စရပ်များတွင်ပါဝင်မှုကို လျှောင်ပြောင်ခဲ့သည်ဟု အမျိုးသမီးများက ပြောကြသည်။ ထိုသို့ နှောင့်ယှက်စော်ကားရာတွင် ဘာသာ၊ လူမျိုး၊ အိမ်ထောင်ရေးအခြေအနေ၊ အစည်းအဝေးများနှင့် အခြားသောကိစ္စရပ်များအတွက် နိုင်ငံတကာ ခရီးသွားမှတ်တမ်းများ အပါအဝင် ထိုအမျိုးသမီးများ မည်သူမည်ဂါ ဖြစ်သည်ဆိုသည်ကို ဖော်ပြနေသည့် ပုဂ္ဂိုလ်ရေးအချက်အလက်များအား အသုံးပြုဖော်ပြခဲ့သည်။ တွေ့ဆုံမေးမြန်းခဲ့သော အမျိုးသားများထဲမှ ငြိမ်းချမ်းစွာစုဝေးခြင်းကြောင့် ဆိုရှယ်မီဒီယာပေါ်တွင် စော်ကား နှောင့်ယှက်ခံရသူမှာ နှစ်ဦးသာရှိပြီး ၎င်းတို့နှစ်ဦးမှာလည်း လူ့အခွင့်အရေး လုပ်ငန်းများကြောင့် အမျိုးသားရေး အစွန်းရောက်များက မူလကတည်းက ပစ်မှတ်ထား တိုက်ခိုက်ခံရသူများ ဖြစ်သည်။

> **“အဲဒီတုန်းက သူတို့က အမေ၊ အဖေ၊ လိပ်စာနဲ့ မောင်နှမတွေ၊ [ကိုးကွယ်တဲ့] ဘာသာ အစရှိတဲ့ … ကျမရဲ့ကိုယ်ရေး အချက်အလက်တွေ မေးတယ်။ ကိုးကွယ်တဲ့ဘာသာကို မေးတော့… ဒါက ပုဂ္ဂိုလ်ရေး မေးခွန်းဖြစ်လို့ မဖြေနိုင်ဘူးလို့ ပြန်ပြောလိုက်တယ်။ ရယ်စရာကောင်းတာက အိမ်ထောင်ရှိလား အပျိုလား ဆိုတာကိုပါ**

37 Human Rights Council, “Report of the Special Rapporteur on the situation of human rights defenders,” UN Doc. No. A/HRC/31/55 (1 Feb. 2016), https://documents-dds-ny.un.org/doc/UNDOC/GEN/G16/015/56/PDF/G1601556.pdf?OpenElement.

38 Id.

39 Id.

> **မေးတယ်။ ဒါကလည်း ပုဂ္ဂိုလ်ရေးမေးခွန်းဖြစ်လို့ ကျမ ဖြေစရာမလိုဘူးလို့ ပြောလိုက်တယ်။ သူတို့က ခင်ဗျား ဖြေရမယ်လို့ ပြောတယ်။ ဒါပေမယ့် ဘယ်ဥပဒေ ဘယ်ပုဒ်မအရ ပုဂ္ဂိုလ်ရေးမေးခွန်းတွေကို ဖြေရမှာလဲလို့ ပြန်မေးလိုက်တယ်။ အဲဒါကြောင့် တော်တော်လေးတော့ စကားများခဲ့ရတယ်။" - ရန်ကုန်ဆန္ဒပြပွဲ စီစဉ်စည်းရုံးသူတစ်ဦး**

အမျိုးသမီး တက်ကြွလှုပ်ရှားသူများအပေါ် ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများက ဆိုရှယ်မီဒီယာတွင် အထူး ပြင်းထန်သည်။ ဤစာတမ်းအတွက် မေးမြန်းခဲ့သောအမျိုးသမီးအားလုံးသည် ငြိမ်းချမ်းစွာဆန္ဒပြမှုတွင် ပါဝင်ခဲ့သည့်အတွက် ဖေ့စ်ဘွတ် (facebook) ပေါ်တွင် ပြင်းထန်သောတိုက်ခိုက်မှုများကို ရင်ဆိုင်ကြရသည်။ ဆန္ဒပြမှုများအတွင်း လူအများအပြားက ဖေ့စ်ဘွတ်တွင် LIVE လွှင့်ခဲ့ကြပြီး ယင်းလွှင့်ချက်များအောက်တွင် ဆန္ဒပြပွဲတွင် ပါဝင်သော အမျိုးသမီးများအား ရည်ညွှန်းသည့် လိင်ပိုင်းဆိုင်ရာစော်ကားမှုများနှင့် ခြိမ်းခြောက်မှုအများအပြား ရေးသား မှတ်ချက်ပေးခံခဲ့ရသည်။ ဤစာတမ်းအတွက် မေးမြန်းခဲ့သောအမျိုးသမီးအများစု၏ ဖေ့စ်ဘွတ်အကောင့်များကို အမျိုးသားရေးအစွန်းရောက်များက မွှေနှောက်ခဲ့ပြီး ၎င်းတို့နှင့် အမျိုးသားများ အထူးသဖြင့် အသားမဲသူ နိုင်ငံခြားသားများ သို့မဟုတ် (အမျိုးသားရေးအစွန်းရောက်များက သတ်မှတ်သည့်) အိန္ဒိယတိုက်ဖွား သို့မဟုတ် မူစလင်အမျိုးသားများနှင့် တွဲရိုက်ထားသော ဓါတ်ပုံဟောင်းများကို ရှာဖွေပြီး ထိုအမျိုးသမီးများမှာ မူစလင်အမျိုးသားများနှင့် ချိန်းတွေ့နေကြကြောင်း နှင့် တိုင်းတစ်ပါး အကျိုးစီးပွားများအတွက် ထိန်းချုပ်ခံနေရကြောင်း ဖေ့စ်ဘွတ်တွင် တင်ခဲ့သည်ဟု ၎င်းအမျိုးသမီးများက ပြောကြသည်။ ဆန္ဒပြပွဲတွင်ပါဝင်ခဲ့သည့် မူစလင်လူငယ်အမျိုးသမီးတစ်ဦး၏ မှတ်ပုံတင်အပါအဝင် ယခင်နှစ်များ ကတည်းက ဖေ့စ်ဘွတ်ပေါ်တွင်တင်ထားသော အမျိုးသမီး၏ ဓါတ်ပုံများနှင့်ယှဉ်တွဲ၍ ဖေ့စ်ဘွတ်သုံးစွဲသူ အမျိုးသားရေး အစွန်းရောက်များက ပြန်တင်ခဲ့သည်။ ထိုအမျိုးသမီးမှာ ဆန္ဒပြမည့်နေ့တွင် ဖေ့စ်ဘွတ်အကောင့်ကို ပိတ်ခဲ့ခြင်း ဖြစ်ရာ ထိုသူတို့သည် ဓါတ်ပုံများကို ယခင်ကပင် ရယူသိမ်းဆည်းထားခဲ့ခြင်း ဖြစ်နိုင်သည်ဟု ယူဆပါသည်။[40] အဘယ်ကြောင့်ဆိုသော် ယင်းမှတ်ပုံတင်ဓာတ်ပုံကို မည်သည့်အခါကမျှ ဖေ့စ်ဘွတ်ပေါ်တင်ခဲ့ခြင်း မရှိသဖြင့် ယင်းသို့ သူမ၏ မှတ်ပုံတင်ဓါတ်ပုံကို ဖေ့စ်ဘွတ်ပေါ်တင်ထားသည်ကို တွေ့ရသောအခါ သူမ၏မှတ်ပုံတင်အား ၎င်းတို့ မည်သို့ရရှိခဲ့သည်ကို မသိရသဖြင့် လွန်စွာစိတ်ပူစရာ ဖြစ်ရပါသည်။ နောက်တစ်ဦးမှာ လွန်ခဲ့သော ၅ နှစ်က လူထု အခမ်းအနားတစ်ခုတွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းတစ်ခုမှ ခေါင်းဆောင်တစ်ဦးနှင့် ၎င်းတွဲရိုက်ထားသောဓါတ်ပုံကို တင်ပြီး ထိုလက်နက်ကိုင် အဖွဲ့အစည်းဝင် ဖြစ်သည်ဟု စွပ်စွဲခံခဲ့ရသည်။

ယင်းနှောင့်ယှက်စော်ကားမှုများနှင့် ပတ်သက်၍ အချို့က ဖေ့စ်ဘွတ်ကို တိုင်ကြားခဲ့သည်။ အချို့သော ဖေ့စ်ဘွတ်တင်ထားချက်များကို ဖယ်ရှားပေးအောင် အမျိုးသမီးတစ်ဦးက လုပ်ဆောင်နိုင်ခဲ့သော်လည်း ယင်းပုံများမှာ ထောင်နှင့်ချီသော ဖေ့စ်ဘွတ်အသုံးပြုသူ အခြားသူများထံ ပျံ့နှံ့ခဲ့ပြီးဖြစ်သည်။ အခြားတစ်ဦးကလည်း ဖေ့စ်ဘွတ်သို့ တိုင်ကြားရန် ကြိုးပမ်းခဲ့သော်လည်း မည်သည့်အမျိုးအစားတွင် တိုင်ကြားရမည်ကို မသေချာသည့်အပြင် ဖေ့စ်ဘွတ် အနေဖြင့် တစ်စုံတရာ အရေးယူဆောင်ရွက်မည် မဆောင်ရွက်မည်ကို မသေချာသဖြင့် အကောင့်တစ်ခုက မမှန်ကန်သော အချက်အလက်ဖြင့် သူမ၏ဓါတ်ပုံများကို အကြိမ်ကြိမ် အသုံးပြုနေကြောင်းသာ တိုင်ကြားခဲ့သည်။

## လူ့အခွင့်ဘဝအခန်းကဏ္ဍအားခြယ်လှယ်ခြင်း

မြို့နှစ်မြို့စလုံးမှ ခေါင်းဆောင်များက ၎င်းတို့ဆက်ဆံရသော အာဏာပိုင်များသာမက အရပ်ဘက် အသိုင်းအဝိုင်းရှိ အခြားသူများနှင့် ပြည်သူလူထုများကလည်း ယင်းသို့သော လေးနက်သည့် ဆန္ဒပြပွဲတစ်ခုလုံးကိုဖြစ်စေ၊

40 ဖေ့စ်ဘွတ်သုံးစွဲသူ တစ်ဦးတစ်ယောက်သည် ၎င်း၏ ဖေ့စ်ဘွတ်အကောင့်ကို deactivate လုပ်လိုက်သောအခါ မိတ်ဆွေများ သို့မဟုတ် အုပ်စုများ၏ timeline များတွင် တင်ပို့ထားချက်အချို့ကို မြင်နိုင်ဆဲဖြစ်သော်လည်း ၎င်းအကောင့်နှင့် ချိတ်ဆက်မှုများ မရှိတော့သောကြောင့် ဓါတ်ပုံများ၊ တင်ပို့ချက် များအပါအဝင် ၎င်း၏ ပုဂ္ဂိုလ်ရေး အချက်အလက်များမှာ ချက်ချင်းပင် ဝင်ရောက်နိုင်ခြင်းနှင့် ဖေ့စ်ဘွတ်ပေါ်တွင် တွေ့မြင်နိုင်ခြင်း မရှိတော့ပေ။ "Facebook Help Center, "How Do I Deactivate My Account?", https://www.facebook.com/help/214376678584711 (accessed 20 June 2018).

အစိတ်အပိုင်းတစ်ခုကိုဖြစ်စေ လူငယ်အမျိုးသမီးများက ဦးဆောင်ခဲ့သည့်အပေါ် အံ့အားသင့်ကြကြောင်း မှတ်ချက်ပေးသည်။ ရန်ကုန်မှ စီစဉ်စည်းရုံးသူတစ်ဦး၏ အဆိုအရ အစောပိုင်းတွင် ၎င်းတို့အတွက် ခြိမ်းခြောက်မှုဖြစ်လာမည် မဟုတ်ဟု ရဲများက ယူဆခဲ့ကြသည့်အတွက် အလေးအနက်မထားခဲ့သောကြောင့် ယင်းဆန္ဒပြပွဲ စီစဉ်လုပ်ဆောင်ရာတွင် ချောချောမွေ့မွေ့ ဖြစ်ခဲ့သည်။ သို့သော် ထိုစုဝေးမှု အလွန်ကြီးမားကြောင်း သတိထားမိသည့်အချိန်မှသာ ရဲများမှ အမြင်ပြောင်းသွားခဲ့သည်။

> **"ရဲစခန်းသွားတုန်းက ကျမတို့ ၃ ယောက်ကို တွေ့တဲ့အခါ အားလုံးက မိန်းကလေးတွေချည်းပဲ၊ အရင်က တက်ကြွလှုပ်ရှားသူတွေနဲ့ မတူဘူးဖြစ်နေတယ်။ ဒါကြောင့် သူတို့က ကောင်းကောင်းမွန်မွန်ပဲ ကြိုဆိုတယ်... ဒါပေမယ့် ကျမတို့ကိုတော့ မလေးစားဘူး၊ ကျမတို့က မိန်းကလေးတွေဖြစ်တော့ သူတို့က ကလေးတွေလို သဘောထားပြီး စကြ နောက်ကြတယ်။ လေးလေးနက်နက်မရှိဘူးလို့ ခံစားရတယ်။ အမျိုးသမီးတွေ ဖြစ်နေတော့ သူတို့က ဆိုးဆိုးရွားရွား မဆက်ဆံပေမယ့် ကျမတို့ကိုလည်း အဲလောက် အလေးအနက်မထားဘူး။ နောက်ပိုင်းမှ သူတို့က ဒီငြိမ်းချမ်းရေး လမ်းလျှောက်ချီတက်ပွဲဟာ ကျမတို့ ၃ ယောက်တည်း မဟုတ်ဘဲ တော်တော်ကြီးတယ်ဆိုတာ သိလို့လားတော့ မသိဘူး တော်တော်လေး အလေးအနက်ထားလာတယ်။" - ရန်ကုန်ဆန္ဒပြပွဲ စီစဉ်စည်းရုံးသူတစ်ဦး**

လူငယ်အမျိုးသားများသည် ရဲများနှင့် ထိပ်တိုက်ဖြစ်နိုင်သည့် အလားအလာ ပိုများသည်ဟူသော အယူအဆအပြင် ရဲများက အမျိုးသမီးများအပေါ် အမျိုးသားများကဲ့သို့ ဆိုးဆိုးရွားရွား ဆက်ဆံမည်မဟုတ် သို့မဟုတ် အမျိုးသမီးများကို ရိုက်နက်လိမ့်မည် မဟုတ်ဟူသောယူဆချက်ဖြင့် မြစ်ကြီးနားတွင်လည်း ဆန္ဒပြသူများနှင့် ရဲများ အကြား ထိပ်တိုက်ဖြစ်မှုများ မဖြစ်စေရန် သတိဖြင့် လုပ်ဆောင်ခဲ့ကြပါသည်။ ဆန္ဒပြသူများမှ ၎င်းတို့ မည်သို့စီစဉ် လုပ်ဆောင်ခဲ့ပုံကို အချို့သော တွေ့ဆုံမေးမြန်းခဲ့သူများထဲက ယခုလို ပြောပြခဲ့သည် -

> **"ကျနော်တို့ ကိုယ့်ကိုယ်ကိုထိန်းချုပ်ဖို့ အစကတည်းကပြင်ထားတယ် အကြမ်းဖက်တဲ့နည်းနဲ့ တုံ့ပြန်မှာ မဟုတ်ဘူး။ အေးအေးဆေးဆေးနဲ့ ငြိမ်းငြိမ်းချမ်းချမ်းဖြစ်ဖို့ တတ်နိုင်သလောက် ကြိုးစားခဲ့တယ်။ ကျနော်တို့က မိန်းကလေးတွေကို ရှေ့ကထားပြီး တန်းစီတယ်။ စစ်တပ် ဒါမှမဟုတ် ရဲနဲ့ ထိပ်တိုက်မတွေ့ဖို့အတွက် မိန်းကလေးတွေက အရှေ့က ရှိဖို့လိုတယ်။ ယောကျ်ားချင်းဆို ပြဿနာဖြစ်မယ်။" - မြစ်ကြီးနားမှ ဆန္ဒပြသူ အမျိုးသားတစ်ဦး**

> **"ယောကျ်ားတွေချည်း ဦးဆောင်မယ်ဆိုရင် သူတို့ ရိုက်ရုံ၊ နက်ရုံ ဒါမှမဟုတ် အကြမ်းဖက်လိုက်ရုံပဲ ဆိုတော့ ဖြိုခွဲရ လွယ်တယ်။ ဒါပေမယ့် မိန်းကလေးတွေကိုကျတော့ သူတို့ အဲလိုလုပ်လို့မရဘူး၊ နိုင်ငံတကာမှာ တော်တော် ရုပ်ဆိုးသွားမယ်။ ရဲတွေက အဲဒါကို တော်တော်လေး သတိထားတယ်။ ဒါကြောင့် သူတို့အတွက် အမျိုးသမီးတွေကို ကိုင်တွယ်ဖို့ ပိုခက်တယ်။" – မြစ်ကြီးနားဆန္ဒပြပွဲ စီစဉ်စည်းရုံးသူတစ်ဦး**




မြစ်ကြီးနားမြို့ငြိမ်းချမ်းစွာဆန္ဒပြပွဲတွင်ရှေ့တန်း၌တန်းစီနေရာယူထားသောအမျိုးသမီးများအားတွေ့ရစဉ်၊ ၂၀၁၈ခုနှစ်မေလ၃ရက်နေ့ (ဓာတ်ပုံ - Kachin Youth Movement)

အမျိုးသမီးများသည် အမျိုးသားများထက် ဘေးအန္တရာယ်များကို မတူညီသည့်ပုံစံဖြင့် ကြုံတွေ့နိုင်ပြီး ငြိမ်းချမ်းစွာဆန္ဒပြမှုများတွင်အမျိုးသမီးများကရှေ့တန်း၌နေရာယူခြင်းမှာတစ်ခါတစ်ရံတွင်ရဲနှင့်တန်ပြန်ဆန္ဒပြသူများ၏ ခြိမ်းခြောက်မှုများနှင့် နှုတ်အားဖြင့် စော်ကားမှုများကို ပိုမိုခံရနိုင်သည်။ ငြိမ်းချမ်းစွာဆန္ဒပြမှုများတွင် ရှေ့တန်း၌ရှိသော အမျိုးသမီးများသည် ဖမ်းဆီးခံရမှုနှင့် လိင်ပိုင်းဆိုင်ရာ သို့မဟုတ် လိင်ကွဲပြားမှုအပေါ်အခြေခံသည့် အကြမ်းဖက်မှုများ ကြုံတွေ့နိုင်သည့်အလားအလာ ပိုများစေပြီး ရဲများက ၎င်းတို့ကို ကိုယ်ထိလက်ရောက် အကြမ်းဖက်မှုများ မပြုလုပ်ပါဟူသော အာမခံချက်လည်း မရှိပေ။ အမျိုးသမီးများသည် ထိပ်တိုက်ရင်ဆိုင်ရမှု ကြုံတွေ့ရန် နည်းပါးသည်ဟု ယူဆရသော်လည်း ရဲများသည် အမျိုးသားများထက် အမျိုးသမီးခေါင်းဆောင်များနှင့် ရည်ရွယ်ချက်ရှိရှိ ဆက်သွယ်လိုခြင်းမှာ ၎င်းတို့အနေဖြင့် ကိုင်တွယ်ရ ပိုမိုလွယ်ကူနိုင်သည် သို့မဟုတ် ခြိမ်းခြောက်မှုများသည် အမျိုးသမီးများအပေါ် သက်ရောက်မှု ပိုရှိမည်ဟု ထင်မြင်သောကြောင့်လည်း ဖြစ်နိုင်သည်။ အမျိုးသားဆန္ဒပြသူများမှ လုပ်ဖော်ကိုင်ဖက်အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ပေးခြင်းကြောင့် အမျိုးသမီးများကို ခြိမ်းခြောက်ပါက အမျိုးသားများမှ ဆန္ဒပြမှုကို ရပ်လိုက်နိုင်ခြေရှိသဖြင့် ရဲများက ၎င်းအချက်ကို အခွင့်ကောင်းယူပုံရှိသည်ဟုလည်း ယူဆရသည်။

# နိဂုံး

အထက်တွင် ဖော်ပြထားသော ဖြစ်ရပ်များသည် မြန်မာနိုင်ငံ၏ လွတ်လပ်စွာစုဝေးခွင့် အခြေအနေများအပေါ် စိုးရိမ်မှုများကိုပြသနေပြီး ၂၀၁၆ ခုနှစ်တွင် ပြန်လည်ဖြည့်စွက်ပြင်ဆင်ခဲ့သည့်တိုင် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေမှာ အားနည်းချက်များစွာ ရှိနေသေးကြောင်း ဖော်ပြနေပါသည်။ လွတ်လပ်စွာ စုဝေးခွင့်အပေါ် အစိုးရ၏လွဲမှားသောချဉ်းကပ်မှုမှာ စုဝေးမှုများကို ထိန်းချုပ်ရန်နှင့် စုဝေးမှုများ၏ နိုင်ငံရေးအမြင်နှင့် အကြောင်းအရာအရ ခွဲခြားဆက်ဆံမှုကို အခြေခံပါသည်။ ယင်းချဉ်းကပ်မှုသည် ဒီမိုကရေစီ စံချိန်စံညွှန်းများကို ဆန့်ကျင်နေသည်။ သို့ရာတွင် ယင်းဆန္ဒပြပွဲများသည် လက်တွေ့အောက်ခြေတွင် အမျိုးသားရေးအစွန်းရောက်များ၏ ရဲများအပေါ် မြင်သာစွာ ဩဇာသက်ရောက်မှုရှိပုံနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအပေါ် ၎င်းတို့၏ ခြိမ်းခြောက်နေမှုများကို အစိုးရမှ ကာကွယ်ပေးနိုင်စွမ်းမရှိခြင်းတို့အပါအဝင် လူထုအသိုင်းအဝိုင်းအတွင်း အမျိုးသားရေး အစွန်းရောက်များ၏ အန္တရာယ်ရှိသော ဩဇာသက်ရောက်မှုနှင့် အားပေးအားမြှောက်ပြုထားသော အခန်းကဏ္ဍများကို ဖော်ပြနေပါသည်။ အထူးသဖြင့် အမျိုးသမီးများမှ စော်ကားမှုနှင့် ခြိမ်းခြောက်မှုများကင်းမဲ့စွာ နိုင်ငံရေးနှင့် လူထုအသိုင်းအဝိုင်းရှိ လူမှုဘဝများတွင် တန်းတူပါဝင်နိုင်ရေးကို အစိုးရမှ အာမခံပေးရန် ပျက်ကွက်နေသည်။[41]

> **"ဒီအတွေ့အကြုံပြီးတော့ ကျမ ပိုအားတက်လာတယ်။ ပိုလုပ်ချင်စိတ် ဖြစ်လာတယ်။ ... ဒုက္ခရောက်နေတဲ့ ပြည်သူတွေ ပိုများလာလို့ သူတို့အတွက် ကျမ ရပ်တည်ပေးချင်တယ်။ ကျမ မကြောက်ဘူး၊ သတ္တိရှိလာပြီ။" – ဆန္ဒပြပွဲစီစဉ်စည်းရုံးသူ အမျိုးသမီးတစ်ဦး**

ဤစာတမ်းတွင် ဆွေးနွေးတင်ပြထားသည့် စိန်ခေါ်မှုများ ရှိနေသော်လည်း မြန်မာနိုင်ငံတစ်ဝှမ်းရှိ လူငယ်များမှ ပိတ်ဆို့ခံနေရသော IDP များ၏ အရေးပေါ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် စစ်၏ ကျယ်ပြန့်သော ဆိုးကျိုးများနှင့် အစိုးရနှင့် စစ်တပ်အကြားရှိ အာဏာမညီမျှမှုများကို အာရုံစိုက်လာစေရန် ကြိုးစားအားထုတ်မှုများသည် အားတက်ဖွယ်ရာဖြစ်သည့်အပြင် နိုင်ငံအတွင်း ဒီမိုကရေစီနှင့်လူ့အခွင့်အရေး အမြစ်တွယ်စေရန် ပိုမို ခွန်အား ဖြစ်စေပါသည်။ ယင်းကြိုးပမ်းအားထုတ်မှုများကို အသိအမှတ်ပြု ပံ့ပိုးဂုဏ်ပြုရပါမည်။ ယင်းဆန္ဒပြပွဲများသည် စနစ်ကျစွာ စီစဉ်လုပ်ဆောင်ထားပြီး မြန်မာနိုင်ငံ၏ လက်ရှိ ရှုပ်ထွေးနေသောအခြေအနေများအပြင် ဖိနှိပ်သောဥပဒေများ၏ သဘောသဘာဝကိုပါ ဖော်ပြခဲ့သည်။ ဤသုတေသနအတွက် တွေ့ဆုံမေးမြန်းခဲ့သော စီစဉ်စည်းရုံးသူနှင့် ပူးပေါင်းပါဝင်သူ ၁၅ ဦးစလုံးသည် ဥပဒေအရ တရားစွဲဆိုမှုများကို ရင်ဆိုင်ခဲ့ရသော်လည်း ဆန္ဒပြပွဲအတွင်း ၎င်းတို့၏ အခန်းကဏ္ဍများကြောင့် ပိုမိုအားရှိလာပြီး စိတ်ဓါတ်တက်ကြွလာကြသည်ဟု ခံစားရကြောင်း ပြောကြသည်။ ပြည်ထောင်စု ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ မအောင်မြင်မှုနှင့် အခြေခံလွတ်လပ်ခွင့်များ နောက်ပြန်ဆုတ်နေသည့်

41 အချို့သော တွေ့ဆုံမေးမြန်းခဲ့သူများက ငြိမ်းစုစီတွင် ပါရှိသည့် ကန့်သတ်မှုအချို့သည် အမျိုးသားရေးအစွန်းရောက်သမားများ၏ စုဝေးခြင်းကို ကာကွယ်တားဆီးရန်အတွက်ဟု ထင်ရသော်လည်း အစိုးရအနေဖြင့် ငြိမ်းချမ်းစွာစုဝေးမှုအားလုံးကို တားဆီးပိတ်ပင်မည့် အစား အမျိုးသားရေး အစွန်းရောက်သမားများ၏ အတွေးအခေါ်ကို ထိပ်တိုက်ရင်ဆိုင်ရေးမှာ ပိုမို အရေးကြီးသည်ဟု ထောက်ပြသည်။ အမျိုးသားရေး အစွန်းရောက်သမား များက ဖြန့်ဖြူးသော အမုန်းစကားများအပါအဝင် အန္တရာယ်ရှိသော ပြောကြားချက်များကို တိုက်ဖျက်ရာတွင် အခြေခံလွတ်လပ်ခွင့်များအပေါ် အလွန်ကျယ်ပြန့်သော ကန့်သတ်မှုများကို အသုံးပြုခြင်းသည် တရားနည်းလမ်း မကျသော သို့မဟုတ် အကြမ်းဖက်ရန် လှုံ့ဆော်မှုများကို တိုက်ခိုက်ရာတွင် ထိရောက်သော နည်းလမ်းမဟုတ်ပေ။

စိတ်ပျက်ဖွယ်ကောင်းသော အနေအထားတွင် ယင်းတက်ကြွလှုပ်ရှားသူလူငယ်များနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၌ မျှော်လင့်ချက်ကို တွေ့မြင်နိုင်ပါသည်။ မြန်မာအစိုးရအနေဖြင့် စစ်မှန်သောဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်လိုပါက ပြည်သူလူထု၏အခွင့်အရေး၊ အထူးသဖြင့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအတွက် ကြိုးပမ်းလုပ်ဆောင်နေသော ဤဂုဏ်ယူဖွယ် တက်ကြွလှုပ်ရှားသူလူငယ်များ၏ အခွင့်အရေးများကို ကာကွယ်ပေးရန်နှင့် မြှင့်တင်ပေးရန် မဖြစ်မနေ ပိုမိုလုပ်ဆောင်ရမည် ဖြစ်သည်။

# အကြံပြုတိုက်တွန်းချက်များ

## မြန်မာအစိုးရသို့

- လူငယ်များ တောင်းဆိုနေသည့် ပဋိပက္ခအဆုံးသတ်ရေး၊ IDP များအတွက် လုံခြုံသောလမ်းကြောင်းဖော်ဆောင်ပေးရေး၊ IDP အားလုံး လူသားချင်းစာနာမှုဆိုင်ရာအကူအညီ ရရှိနိုင်ရေး တောင်းဆိုချက်များအား ထောက်ခံဆောင်ရွက်ပေးရန်နှင့် IDP များအား ကာကွယ်ပေးရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာအကူအညီ ပေးပို့ရေးတို့တွင် IDP အရေးလုပ်ဆောင်နေသော ဒေသခံ လူသားချင်းစာနာမှုဆိုင်ရာ၊ ဘာသာရေးဆိုင်ရာနှင့် လူ့အခွင့်အရေးအခြေခံသော အရပ်ဘက်အဖွဲ့အစည်းများအားလည်း ထည့်သွင်းရန်၊
- ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကို အောက်ပါအတိုင်း ပြင်ဆင်ရန် -
  - ကောက်ကာငင်ကာဖြစ်သော စုဝေးမှုများနှင့် ဒေသန္တရအာဏာပိုင်များ အနေဖြင့် ကြိုတင်ပြင်ဆင်စရာ မလိုအပ်သော စုဝေးမှုများအတွက် ကြိုတင်အသိပေးအကြောင်းကြားမှု လိုအပ်ချက်ကို ပယ်ဖျက်ရန်၊
  - ကြိုတင်ပြင်ဆင်ထားသော ကြွေးကြော်သံများနှင့် အကြောင်းအရာပါဝင်မှု အခြေခံအပေါ်တွင် ဆက်စပ်အသုံးပြုနိုင်သော မည်သည့်အရာမဆို အသိပေးအကြောင်းကြားရန် လိုအပ်ချက်ကို ပယ်ဖျက်ပေးရန်၊
  - ဒေသန္တရစည်းမျဉ်းစည်းကမ်းများနှင့် ပုဒ်မ ၁၀ (ဍ) တွင်ပါဝင်သော သဘောတူညီချက်များကို လိုက်နာရန် ဟူသော ဝေဝါးသည့် လိုအပ်ချက်များကို ဖယ်ရှားရန်၊
  - ငြိမ်းချမ်းစွာစုဝေးမှုနှင့် စီတန်းလှည့်လည်မှုများကို ထိန်းချုပ်မည့်အစား ပံ့ပိုးစီစဉ်ပေးရန်၊
  - တန်ပြန်ဆန္ဒပြသူများနှင့် ငြိမ်းချမ်းစွာစုဝေးမှုကို နှောင့်ယှက်ချင်သူများရန်မှ ကာကွယ်ပေးနိုင်ရန် အတွက် ရဲအရာရှိများအား အပြုသဘောဆောင်သော တာဝန်ကို ဖန်တီးပေးရန်၊
  - ငြိမ်းချမ်းစွာစုဝေးမှုအတွင်း အကြမ်းဖက်မှုကို လှုံ့ဆော်ခြင်းအပါအဝင် အကြမ်းဖက်မှု သို့မဟုတ် အခြားရာဇဝတ်မှုများ ကျူးလွန်သူ တသီးပုဂ္ဂလများအား ရာဇဝတ်မှုဖြင့် အရေးယူသင့်ပြီး အသိပေးအကြောင်းကြားချက်မှ အနည်းငယ်လွဲချော်ခြင်းကဲ့သို့ အသေးအဖွဲချိုးဖောက်မှုများကို ရာဇဝတ်မှုဖြင့် ပြစ်ဒဏ်ပေးခြင်းအား ဖယ်ရှားရန်၊ နှင့်
  - ငြိမ်းချမ်းစွာဆန္ဒပြသော အမျိုးသမီးများ အထူးတလည်ရင်ဆိုင်နေရသည့် ခြိမ်းခြောက်မှုများရန်မှ ကာကွယ်နိုင်ရန် လိင်ကွဲပြားမှုအပေါ် ခံစားနားလည်သည့် ချဉ်းကပ်မှုတစ်ရပ်အား ထည့်သွင်းပေးရန်၊
- မြစ်ကြီးနား၊ ရန်ကုန်နှင့် အခြားဒေသများရှိ ငြိမ်းချမ်းစွာဆန္ဒပြသူများအပေါ် ငြိမ်းစုစီဥပဒေနှင့် ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၀ အရ တရားစွဲဆိုထားမှုများအပါအဝင် တရားစွဲဆိုမှုများအားလုံးကို ရုပ်သိမ်းပေးရန်၊
- ရန်ကုန်တွင် မြို့နယ် ၁၁ မြို့နယ်၌ ငြိမ်းချမ်းစွာစုဝေးမှုအားလုံးအား ပိတ်ပင်ထားခြင်းကို ပြန်လည်ရုပ်သိမ်းရန်၊
- လူကြိုက်မများသော ထင်မြင်ချက်များ ဖော်ထုတ်ခွင့်ကို လေးစားအသိအမှတ်ပြုခြင်း အပါအဝင် လွတ်လပ်စွာ စုဝေးခွင့်နှင့် ထုတ်ဖော်ခွင့်အပေါ် နားလည်မှုအား တက်ကြွစွာမြှင့်တင်ပေးရန်၊
- ဆိုရှယ်မီဒီယာများမှတစ်ဆင့် နှုတ်အားဖြင့် တိုက်ခိုက်မှုများ၊ ခြိမ်းခြောက်မှုများအပါအဝင် ငြိမ်းချမ်းစွာဆန္ဒပြသူများအပေါ် ကိုယ်ထိလက်ရောက် သို့မဟုတ် နှုတ်အားဖြင့် ရန်ရှာတိုက်ခိုက်သူများအားလုံးကို စုံစမ်းစစ်ဆေး တရားစွဲဆိုရန်၊

- ငြိမ်းချမ်းစွာဆန္ဒပြသူများအား ဖမ်းဆီးခဲ့ရာတွင် ရဲများအနေဖြင့် တန်ပြန်ဆန္ဒပြသူများနှင့် မည်သည့် အတိုင်းအတာအထိ ဆက်စပ် သို့မဟုတ် ပူးပေါင်းဆောင်ရွက်မှုပြုလုပ်ခဲ့ခြင်း ရှိမရှိ စုံစမ်းစစ်ဆေးရန်နှင့် တန်ပြန်ဆန္ဒပြသူများအမိန့်ပေးသည့်အတိုင်း လိုက်နာဆောင်ရွက်မှုပြုခဲ့သည့် ရဲအရာရှိများအား ထိန်းသိမ်းကြပ်မတ် အရေးယူရန်၊ နှင့်
- ဆိုရှယ်မီဒီယာများတွင် အကြမ်းဖက်ခြိမ်းခြောက်မှုများနှင့် အမုန်းစကားများ ဖြန့်ဖြူးနေမှုကို နိုင်ငံတကာစည်းမျဉ်းစည်းကမ်းများနှင့်ကိုက်ညီစွာ ဘက်လိုက်မှုမရှိဘဲ ကြားနေသည့် နည်းလမ်းများနှင့်အညီ အရေးယူရေးဆောင်ရွက်ရန်။

## မြန်မာစစ်တပ်သို့

- တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၊ အရပ်သားနှင့် အရပ်သားဒေသများအား ပစ်မှတ်ထားသော ထိုးစစ်များကို ရပ်တန့်ရန်နှင့် စစ်မှန်သော ဖက်ဒရယ် ဒီမိုကရေစီစနစ် ထူထောင်ရန်အတွက် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် တွေ့ဆုံဆွေးနွေးမှုများတွင် တိုင်းရင်းသားလူမျိုးများနှင့် ထိတွေ့ပါဝင် ဆောင်ရွက်ရန်၊
- တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများမှ ထိန်းချုပ်ထားသောနယ်မြေများအပါအဝင် ပဋိပက္ခဒဏ်သင့် နယ်မြေအားလုံးသို့ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများအား ခွင့်ပြုရန်၊
- ပဋိပက္ခဒဏ်သင့်နယ်မြေများမှ လုံခြုံစိတ်ချရသော နယ်မြေများသို့ တိမ်းရှောင်နေရသော IDP များကို ပိတ်ဆို့တားမြစ်ခြင်းမှ ရပ်တန့်ရန်၊
- တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ ထိန်းချုပ်ထားသော နယ်မြေများအတွင်းသို့ သွားရောက်ရခြင်းအပါအဝင် ဒေသခံလူသားချင်းစာနာမှုဆိုင်ရာ၊ ဘာသာရေးဆိုင်ရာနှင့် လူ့အခွင့်အရေးအခြေခံသော အရပ်ဘက်လူထုအဖွဲ့အစည်းများမှ IDP များအတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးပို့ခြင်းများအား ခွင့်ပြုရန်၊
- IDP များ၏ စိုးရိမ်စရာအခြေအနေနှင့်ပတ်သက်၍ ဂေဖန်ထောက်ပြပြောဆိုသော အရပ်ဘက်လူထုအဖွဲ့အစည်းဝင်များအား အသရေပျက်စေရန် စွဲဆိုထားချက်များကို ရုပ်သိမ်းပေးရန်၊ နှင့်
- ရပ်ရွာလူထုခေါင်းဆောင်များ၊ ဘာသာရေးနှင့် အရပ်ဘက်လူထုအဖွဲ့အစည်းများအား ၎င်းတို့ ထောက်ပံ့ကူညီနေသော IDP စခန်းများ ပိတ်သိမ်းစေရန် ဖိအားပေးခြင်းကို ရပ်တန့်ရန်။

## နိုင်ငံတကာအသိုင်းအဝိုင်းသို့

- အမုန်းစကားဖြန့်ဖြူးခြင်းအား ဆန့်ကျင်တိုက်ပွဲဝင်နေသော၊ လွတ်လပ်စွာစုဝေးခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့်ကို မြှင့်တင်ကာကွယ်ပေးနေသော လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၊ တက်ကြွလှုပ်ရှားသူများနှင့် အခွင့်အရေးအခြေခံသော အရပ်ဘက်လူထုအဖွဲ့အစည်းများအား ကူညီပံ့ပိုးပေးရန်၊
- ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေအား နိုင်ငံတကာစံချိန်းစံညွှန်းများနှင့်အညီ ပြုပြင်ပြောင်းလဲနိုင်ရေးအတွက် မြန်မာအစိုးရအား အားပေးတိုက်တွန်းရန်၊
- မြန်မာအစိုးရနှင့် စစ်တပ်မှ ငြိမ်းချမ်းစွာဆန္ဒပြသူများအပေါ် တရားစွဲဆိုမှုများအား ရုပ်သိမ်းပေးရေးအတွက် တောင်းဆိုသွားရန်၊ နှင့်
- လူငယ်များတောင်းဆိုနေသည့် ပဋိပက္ခအဆုံးသတ်ရေး၊ IDP များကို လုံခြုံသောလမ်းကြောင်း ဖော်ဆောင်ပေးရန်၊ IDP အားလုံး လူသားချင်းစာနာမှုဆိုင်ရာအကူအညီရရှိနိုင်ရေး တောင်းဆိုချက်များအား ထောက်ခံဆောင်ရွက်ပေးရန်နှင့် IDP များအား ကာကွယ်ပေးရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးပို့ရေးတို့တွင် IDP များအရေး လုပ်ဆောင်နေသော ဒေသခံလူသားချင်းစာနာမှုဆိုင်ရာ၊ ဘာသာရေးဆိုင်ရာနှင့် လူ့အခွင့်အရေးအခြေခံသော အရပ်ဘက်လူထုအဖွဲ့အစည်းများအား ထည့်သွင်းရန်အတွက် မြန်မာအစိုးရကို တိုက်တွန်းတောင်းဆိုရန်။



ဓာတ်ပုံ - Victoria Milko

ရှေ့ပြေးအသံအဖွဲ့သည် အရပ်ဘက် လူထုအသိုင်းအဝိုင်းအား အခြေပြုကာ လူထုပူးပေါင်းပါဝင်မှုနှင့် အခွင့်အရေးကို အခြေခံသော မူဝါဒဆိုင်ရာ သုတေသနနှင့် စည်းရုံးလှုံ့ဆော်ရေးအဖွဲ့တစ်ခု ဖြစ်ပါသည်။ ရှေ့ပြေးအသံအဖွဲ့မှ အောက်ခြေလူထုတို့၏ အသံများအား မြှင့်တင်ပေးကာ လူ့အခွင့်အရေးအခြေခံသည့် မူဝါဒများ ပေါ်ထွန်းလာရေးအတွက် စည်းရုံးလှုံ့ဆော်ခြင်းဖြင့် ရပ်ရွာလူထုအသိုင်းအဝိုင်းနှင့် နိုင်ငံအဆင့်နှင့် နိုင်ငံတကာ မူဝါဒရေးဆွဲချမှတ်သူများအကြား ပေါင်းကူးသဖွယ် ဆောင်ရွက်ပါသည်။


## ရှေ့ပြေးအသံအဖွဲ့

info@progressive-voice.org

www.progressivevoicemyanmar.org